မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၄၀)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကျင်းပမည့် ညောင်နှစ်ပင်စခန်းအတွင်း ပြင်ဆင်ထားရှိမှုများ ကြည့်ရှုစစ်ဆေး အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပပြီးစီးရေး ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ကြရန်မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၆

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့ညနေပိုင်းတွင် အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းအတွင်း၌ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

"မြန်မာနိုင်ငံသည် ရေသယံဇာတ ပေါများကြွယ်ဝသော နိုင်ငံဖြစ်ရာ ရေထွက်ပစ္စည်း အများအပြားကို ထုတ်ယူတင်ပို့နိုင်သည့် အခြေအနေကောင်းများစွာရှိသည်။ ပင်လယ်ကမ်းစပ်တွင်သာမက ကုန်းတွင်းပိုင်းတွင်လည်း ရေချိုပုစွန်ကျား စမ်းသပ်မွေးမြူရေးလုပ်ငန်းများကို တိုင်းရင်းသားလုပ်ငန်းရှင်များက လုပ်ကိုင်လျက်ရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိ။"

ခေါင်းကြီး (စာ-၂)

"ယနေ့ကာလတွင် ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးသည် မကြုံစဖူးသော အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အခြေခံ၍ အနာဂတ် နိုင်ငံတော်သစ်အတွက် ခိုင်မာသောဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်ရေးတာဝန်ကို ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရပေသည်။"

ခြင်ကျား(မအူပင်)၏ ဆောင်းပါး (စာ-၃)

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းအတွင်း ဝင်းသူဇာအရောင်းဆိုင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံစုံညီအစည်းအဝေးအလှည့်ကျသဘာပတိအဖွဲ့ဝင်များ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်နှင့် တွဲဖက်အတွင်းရေးမှူးများ၊ လုပ်ငန်းကော်မတီဝင်များနှင့် စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၅ ✡



အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ၏ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

ရေထွက်ပစ္စည်းများ အရည်အသွေးမီ ထုတ်လုပ် အဏ္ဏဝါသိပ္ပံ သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဘက်စုံ၊ ကဏ္ဍစုံ၌ ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးနှင့် တိုင်းရင်းသားပြည်သူများ လူနေမှုဘဝ ပြည့်စုံဖူလုံစေရေးအတွက် အမျိုးသားစီးပွားရေးအရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းစေရန်၊ စိုက်ပျိုးရေးကို အခြေခံပြီး အခြားစီးပွားရေးလုပ်ငန်းများ ဟန်ချက်ညီညီ ဖြစ်ထွန်းလာစေရန် ဟူသည့် စီးပွားရေးမူဝါဒ ချမှတ်အကောင်အထည်ဖော်လျက် ရှိသည်။

မြန်မာနိုင်ငံသည် မိရိုးဖလာအရသော်လည်းကောင်း၊ နိုင်ငံတော်၏ ရေမြေသဘာဝနှင့် သမိုင်းကြောင်းအခြေခံအရသော်လည်းကောင်း ကျေးလက်ကို အခြေပြုသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများသည် နိုင်ငံတော် စီးပွားရေး၏ ပင်မမဏ္ဍိုင် ဖြစ်နေသည်။

မွေးမြူရေးကဏ္ဍတွင် မြန်မာ့ရေထွက်ပစ္စည်းများအား ပြည်ပသို့ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်တင်ပို့နိုင်ရေး ကြိုးပမ်းလျက်ရှိရာ အရည်အသွေး ကောင်းမွန်လတ်ဆတ်သော ငါး၊ပုစွန်များ ထုတ်လုပ်တင်ပို့ကြရန် လိုအပ်ပေသည်။ ယင်းလိုအပ်ချက်ကို ဖြည့်ဆည်း အထောက်အကူပြုသည့်အနေဖြင့် နိုင်ငံတကာအဆင့်မီ အရည်အသွေး စစ်ဆေးရေးဓာတ်ခွဲခန်းကို ရန်ကုန်တိုင်း သာကေတမြို့နယ်တွင် တည်ဆောက်ပေးထားရာ အပြည်ပြည်ဆိုင်ရာ ငါးစံနှုန်းများနှင့်အညီ ငါး၊ ပုစွန်များ၏ လတ်ဆတ်မှု၊ စားသုံးသူများအတွက် အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ ကိုက်ညီမှုရှိစေရန် စစ်ဆေးဆောင်ရွက်ပေးမှုများ ပြုလုပ်ပေးလျက်ရှိသည်။

ထို့အပြင် ရေထွက်ပစ္စည်းများ အရည်အသွေးအဆင့်အတန်းမီ တိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ မကျီးကမ်းခြေတွင် ပုသိမ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာန အဏ္ဏဝါသိပ္ပံ သုတေသနနှင့် လေ့ကျင့်ရေးစခန်းကို တည်ဆောက်ထားသည်။

အဆိုပါ အဏ္ဏဝါသိပ္ပံသုတေသနနှင့် လေ့ကျင့်ရေးစခန်းသည် ရေနေဇီဝမျိုးကွဲများအား စနစ်တကျရှာဖွေဖော်ထုတ်စုဆောင်းခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မွေးမြူထုတ်လုပ်ခြင်း၊ စနစ်တကျဖမ်းဆီးခြင်းစသည့် သုတေသနလုပ်ငန်းများကို လုပ်ဆောင်ရန် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအား လေ့ကျင့် ပြုစုပျိုးထောင်ပညာပေး၍ ငါး၊ ပုစွန်သားဖောက်မွေးမြူရေးအပါအဝင် အဏ္ဏဝါထွက်ကုန်များကို ထုတ်လုပ်ရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

အဏ္ဏဝါသိပ္ပံ သုတေသနနှင့် လေ့ကျင့်ရေးစခန်းတွင် ကမာသားဖောက်ခြင်းနှင့် အသားတိုးမွေးမြူရေး ဆိုင်ရာ သုတေသနလုပ်ငန်းများ၊ ပင်လယ်ရေမှော်များမှ စားသုံးကျောက်ကျောနှင့် စက်မှုကျောက်ကျော ထုတ်လုပ်ခြင်းသင်တန်း လေ့ကျင့်သင်ကြားရေး အစီအစဉ်များကို ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် စခန်းတွင် ရေငန်ပုစွန်ကျား မွေးမြူရေးကန်များရှိပြီး ကန်တစ်ကန်လျှင် ရေငန်ပုစွန်ကျားကောင်ရေ ၁၈၀၀၀၀ဖြင့် စုစုပေါင်း ကန်ငါးကန် မွေးမြူထားကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ရေသယံဇာတ ပေါများကြွယ်ဝသော နိုင်ငံဖြစ်ရာ ရေထွက်ပစ္စည်းအများအပြားကို ထုတ်ယူတင်ပို့နိုင်သည့် အခြေအနေကောင်း များစွာရှိသည်။ ပင်လယ်ကမ်းစပ်တွင်သာမက ကုန်းတွင်းပိုင်းတွင်လည်း ရေငန်ပုစွန်ကျား စမ်းသပ်မွေးမြူရေးလုပ်ငန်းများကို တိုင်းရင်းသားလုပ်ငန်းရှင်များက လုပ်ကိုင်လျက်ရှိရာ အောင်မြင်ဖြစ်ထွန်းလျက် ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ရေထွက်ပစ္စည်းများ အရည်အသွေးမီ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အဏ္ဏဝါသိပ္ပံသုတေသနလုပ်ငန်းများ တိုးမြှင့်ဖော်ဆောင်ပေးလျက်ရှိရာ ရေထွက်ပစ္စည်းများနှင့် ဆက်စပ်လုပ်ကိုင်နေသူအားလုံးက မြန်မာနိုင်ငံ၏ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဖေဖော်ဝါရီ ၆ရက်က ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၉) ရပ်ကွက် တစ်ဆုပ်ဆန်လှူအသင်းက ကြီးမှူး၍ ပဉ္စမအကြိမ်မြောက် တစ်ဆုပ်ဆန်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လှူဒါန်းပွဲတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သရက်ဆရာတော်ကြီးထံမှ ရန်ကုန်မြောက်ပိုင်းခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်သိန်းမောင်နှင့် တာဝန်ရှိသူများ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (၁၈၀)

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး တိုင်းမှူးဗိုလ်ချုပ်စိုးနိုင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၄ ရက်မွန်းလွဲ ၁ နာရီက ပုသိမ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်၊ တိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့်အမှုဆောင်အရာရှိများ၊ တာဝန်ခံအင်ဂျင်နီယာများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က ဧရာဝတီတိုင်း စည်ပင်သာယာရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး အစည်းအဝေးကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပကြသည်။

ထို့နောက် တိုင်းမှူးသည် ပုသိမ်မြို့ ဧရာဝတီတိုင်း စာရင်းရုံးခန်းမ၌ ကျင်းပသည့် ဧရာဝတီတိုင်းအတွင်းရှိ စာရင်းရုံးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းစာရင်းရုံးဦးစီးမှူး ဦးအေးဝင်းက စာရင်းစစ်လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်း လိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဃ်္ဃန်းကျွန်းမြို့နယ် သဃ်္ဃန်းကျွန်းဈေးအတွင်းနှင့် ဦးစံဖေလမ်း၊ ဘုရင့်နောင်လမ်း၊ ဗန္ဓုလလမ်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ ဈေးတာဝန်ခံ ဒေါ်မေမေလွင်နှင့် ဝန်ထမ်းများ၊ ဦးစံဖေရပ်ကွက် ဥက္ကဋ္ဌ ဦးတင်ရွှေနှင့်အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများနှင့် ဈေးသူဈေးသားများ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၇-၂-၂၀၀၅

(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅ ၈။ မျိုးချစ်တပ်မတော်
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Visit (ဒုတိယနှစ်-အင်္ဂလိပ်စာ အထူးပြု)
၅:၃၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း (အပိုင်း-၂၃)
၆:၅၀ ၁၇။ လျှပ်တစ်ပြက်
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရင်မှာတိုးဖော့မွေးနေဆဲ"** (အပိုင်း-၅)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ မြန်မာ့ရှုခင်း
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပညာဉာဏ်ကြီး ဘုန်းမီးနေလ"**(အပိုင်း-၂၀)

ပြည်ထောင်စု၏ အမြုတေ

ခြင်ကျား (မအူပင်)

မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လုံမြို့၌ ပြည်ထောင်စုစနစ်ဖြင့် လွတ်လပ်ရေးကို ရယူရန်ဟူသော ဦးတည်ချက်ဖြင့် ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့သည်။ နယ်ချဲ့ဗြိတိသျှများက ပြည်ထောင်စုပြိုကွဲစေရန် နည်းအမျိုးမျိုးသုံး၍ သွေးခွဲသည့်ကြားက ပင်လုံစာချုပ်ပေါ်ထွန်းလာသည်ကို လွန်စွာစိုးရိမ်တုန်လှုပ်ခြင်းဖြစ်ကာ ပင်လုံစာချုပ်ပျက်ပြားစေရန် ကြိုးပမ်းခဲ့ကြသည်။

ဗြိတိသျှအစိုးရက ဗြိတိသျှလွှတ်တော် လေဘာပါတီအမတ် မစ္စတာရီးစ်ဝီလျံ (R.Williams)ကို ကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ပေးကာ ရီးစ်ဝီလျံကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။ ရီးစ်ဝီလျံကော်မရှင်သည် မြန်မာပြည်၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရန်နှင့် တိုင်းပြုပြည်ပြု လွှတ်တော်ဖွဲ့စည်းရာတွင် နယ်စပ်ဒေသ တိုင်းရင်းသားများထံမှ ကိုယ်စားလှယ်မည်မျှပါဝင်မည်၊ မည်သို့မည်ပုံ ပါဝင်ရမည်ကို စုံစမ်းရန်ဟု အကြောင်းပြထားသည်။

ဗြိတိသျှတို့က ဤသို့ ကော်မရှင်လွှတ်စုံစမ်းခြင်းအားဖြင့် ပင်လုံညီလာခံတွင် မတက်ရောက်ခဲ့သော တိုင်းရင်းသားများထံမှ မိမိတို့လိုလားသော ဒိုမီနီယန်ဝါဒကို အကောင်အထည်ဖော်နိုင်လိမ့်မည်။ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများ ပြည်ထောင်စုစနစ်ဖြင့် လွတ်လပ်ရေးကို အရယူရန် သန္နိဋ္ဌာန်ပြုသော ပင်လုံစာချုပ်ကြီး အလိုအလျောက်ပျက်ပြယ်စေမည်ဟု ယူဆခဲ့သည်။

ရီးစ်ဝီလျံကော်မရှင်တွင် မစ္စတာရီးစ်ဝီလျံက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ မြန်မာကိုယ်စားလှယ်အဖြစ် ဦးတင်ထွဋ်၊ ဦးနု၊ ဦးခင်မောင်ကလေးနှင့် ဦးကျော်ငြိမ်းတို့ ပါဝင်ကြသည်။ တောင်တန်းဒေသ ကိုယ်စားလှယ်များအဖြစ် မိုင်းပွန်စော်ဘွားစဝ်စံထွန်း(ရှမ်း)၊ ဆမားဒူဝါဆင်ဝါးနောင်(ကချင်)၊ ဦးဝမ်ကိုဟော (ချင်း)၊ စောစံကေး(ကေအင်န်ယူအဖွဲ့ဝင်) သံလွင်ခရိုင် ကိုယ်စားလှယ်တို့ ပါဝင်ကြသည်။

၁၉၄၇ခုနှစ် မတ်လ ၇ ရက်နေ့တွင် မစ္စတာရီးစ်ဝီလျံ မြန်မာပြည်သို့ရောက်ပြီး ဦးတင်ထွဋ်၊ ဦးခင်မောင်ကလေး၊ မိုင်းပွန်စော်ဘွား စဝ်စံထွန်း၊ တောင်တန်းဒေသအုပ်ချုပ်ရေးဒါရိုက်တာ မစ္စတာလေဒင်နှင့်ကော်မတီအဖွဲ့ အတွင်းရေးမှူး မစ္စတာလက်ဝစ်ချ်တို့ပါဝင်ကြလျက် မြစ်ကြီးနား၊ ဗန်းမော်၊ လားရှိုး၊ လွိုင်လင်၊ တောင်ကြီး၊ လွိုင်ကော်၊ မော်ချီးစသော ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်ဒေသများသို့ သွားရောက်လှည့်လည်၍ ပဏာမ စုံစမ်းမှုပြုခဲ့သည်။ ထိုစုံစမ်းရေးကော်မတီသည် မတ်လ၁၇ရက်နေ့တွင် ရန်ကုန်သို့ ပြန်လည်၍ ရောက်ရှိခဲ့သည်။

ထိုကော်မတီသည် မတ်လ ၁၉ ရက်နေ့အထိ ရခိုင်တောင်တန်း ဒေသများ၊ သံလွင်ခရိုင်နှင့် ကရင်လူငယ်များ အစည်းအရုံးတို့မှ သက်သေများကို တွေ့ဆုံမေးမြန်းခဲ့သည်။ စုံစမ်းရေးကော်မတီက ရန်ကုန်၌ စုံစမ်းမေးမြန်းနေစဉ် မေမြို့(ပြင်ဦးလွင်)တွင် စုံစမ်းမေးမြန်းခံကြမည့် ကချင်၊ ကရင်နီ၊ ချင်း၊ ရှမ်းစသော တိုင်းရင်းသားတို့သည် စုံစမ်းမေးမြန်းသောအခါ ထွက်ဆိုမည့်အချက်အလက်များကို ညောင်ရွှေဟော်၌ အကြိုဆွေးနွေးကြသည်။

အကြိုဆွေးနွေးပွဲတွင် မြဲမြံသော စည်းလုံးညီညွတ်မှုကို လက်ဝယ်ပိုင်ပိုင်ဆုပ်ကိုင်ထားပြီးသော တိုင်းရင်းသားများက ရီးစ်ဝီလျံကော်မရှင် မေမြို့(ပြင်ဦးလွင်)ကို လာသည့်အခါ "မြန်မာပြည်မနှင့် ပူးပေါင်း၍ လွတ်လပ်ရေးကိုရယူ တိုက်ပွဲဝင်ကြမည်"ဟု တညီတညွတ်တည်း ထွက်ဆိုကြရန် ဆုံးဖြတ်ခဲ့ကြသည်။ ရီးစ်ဝီလျံကော်မတီက ရခိုင်တောင်တန်းဒေသနှင့် သံလွင်ခရိုင်ဒေသများကို သွားရောက်စုံစမ်းမေးမြန်းနေစဉ် ၁၉၄၇ခုနှစ် မတ်လ၂၃ရက်နေ့ ည ၆ နာရီအချိန်တွင် ရန်ကုန်မြို့၌ တောင်တန်းဒေသ ကိုယ်စားလှယ်များနှင့် ဖဆပလ အမှုဆောင်လူကြီးများ မိတ်ဆက်ပွဲကို ကျင်းပခဲ့သည်။

ထိုမိတ်ဆက်ပွဲတွင် တောင်တန်းဝန်ကြီး မိုင်းပွန်စော်ဘွား စဝ်စံထွန်း၊ ဒုတိယတောင်တန်းဝန်ကြီး ဦးဝမ်ကိုဟော၊ ဆမားဒူဝါဆင်ဝါးနောင်၊ ကရင်အစည်းအရုံးမှ စောစံကေးနှင့် ဖဆပလမှ အလုပ်အမှုဆောင်များ တက်ရောက်ခဲ့ကြ၍ မြန်မာပြည်မနှင့် တောင်တန်းဒေသ ပူးပေါင်းရေးကို ဆွေးနွေးကြသည်။ ထိုဆွေးနွေးပွဲကလည်း ပြည်မနှင့် တောင်တန်းဒေသများ အတူတကွ ပူးပေါင်း၍ လွတ်လပ်ရေးကိုအရယူရန် သဘောတူခဲ့ကြသည်။

ရီးစ်ဝီလျံကော်မရှင်သည် မတ်လ ၁၉ ရက်နေ့အထိ ရခိုင်တောင်တန်းဒေသများ၊ ရွှေကျင်-ကရင်အစည်းအရုံး၊ သံလွင်ခရိုင်နှင့် ကရင်လူငယ်များအစည်းအရုံးတို့မှ သက်သေများကို စုံစမ်းမေးမြန်းခဲ့သည်။ ကျန်တောင်တန်းဒေသများကို ဆက်လက်စုံစမ်းရန် မတ်လ ၂၇ ရက်နေ့တွင် ကော်မရှင်ရုံးကို မေမြို့(ပြင်ဦးလွင်)သို့ ပြောင်းရွှေ့ခဲ့သည်။

ကော်မရှင်သည် ဧပြီလ၁၁ရက်နေ့တွင် ရှမ်းပြည်နယ် ပြည်သူ့လွတ်လပ်ရေးအဖွဲ့၊ ကလော၊ တောင်ကြီး၊ လားရှိုး၊ လွိုင်လင်၊ မြောက်ပိုင်း'ဝ'နယ်နှင့် ကိုးကန့်နယ်များမှ သက်သေများကို စုံစမ်းမေးမြန်းခဲ့သည်။ ဧပြီလ ၁၂ရက်နေ့တွင် မြောက်ပိုင်းသိန္နီနှင့် တောင်ပိုင်းနယ်များမှ သက်သေများကို စုံစမ်းမေးမြန်းခဲ့သည်။ ဧပြီလ၁၄ရက်နေ့တွင် ကရင်ပြည်နယ်၊ မိုးမိတ်၊ ကျိုင်းတုံနယ်ရှိ ကရင်အမျိုးသားအစည်းအရုံးတို့မှ သက်သေများကို စုံစမ်းမေးမြန်းခဲ့သည်။ ဧပြီလ၁၆ရက်နေ့တွင် မြစ်ကြီးနား၊ ဗန်းမော်၊ ခန္တီးလုံတို့မှ ကချင်တိုင်းရင်းသားများ၊ ကချင်လူငယ်အစည်းအရုံး၊ ဂျိန်းဖောအမျိုးသား ယဉ်ကျေးမှုမြှင့်တင်ရေးအသင်း၊ မြစ်ကြီးနား ဂေါ်ရခါးအမျိုးသားအသင်းတို့မှ သက်သေများကို စုံစမ်းမေးမြန်းခဲ့သည်။ ဧပြီလ ၁၇ ရက်နေ့တွင် ကေအင်န်ယူ အစည်းအရုံးနှင့် ဗန်းမော်ဖဆပလအဖွဲ့မှ သက်သေများကို စုံစမ်းမေးမြန်းခဲ့သည်။

ဧပြီလ၁၉ရက်နေ့တွင် ဖလမ်း၊ ဟားခါး၊ တီးတိန်နယ်များမှ ချင်းတိုင်းရင်းသားများ၊ ချင်းပင်စင်စားအသင်းဝင်များ၊ ကန်ပက်လက်၊ ဆွန်မရ၊ သောင်ထွတ်၊ ဆင်ကလိန်၊ ခန္တီးနှင့် ဟုမ္မလင်းနယ်များမှ ချင်းနှင့် ရှမ်းတိုင်းရင်းသားများကို စုံစမ်းမေးမြန်းခဲ့သည်။

ဧပြီလ ၂၁ ရက်နေ့တွင် တောင်ပေါ်သားများ ညီညွတ်ရေးဦးစီးအဖွဲ့ဝင်များ၊ ရှမ်းစော်ဘွားများ၊ တောင်ပိုင်းရှမ်းပြည်နယ်နှင့် ကျန်ဒေသများမှ ကိုယ်စားလှယ်များ၊ တီးတိန်၊ ကန်ပက်လက်မှ ချင်းတိုင်းရင်းသားများနှင့် ဗန်းမော်မှ ကိုယ်စားလှယ်များကို စုံစမ်းမေးမြန်းခဲ့သည်။

စုံစမ်းမေးမြန်းရာတွင် ဗြိတိသျှတို့သည် စည်းလုံးညီညွတ်နေသော တိုင်းရင်းသားများအား သွေးကွဲစေရန် သွေးတိုးစမ်းသည့် မေးခွန်းများ၊ ဗြိတိသျှတို့ဘက်ပါအောင် ဆွယ်သောမေးခွန်းများကို မေးမြန်းခဲ့သည်။

ယင်းမေးခွန်းများတွင် လွတ်လပ်ရေးအတွက် ဗမာတို့နှင့် မပေါင်းဘဲ သီးခြား တိုင်းပြည်ထူထောင်ရန် ဆန္ဒရှိ၊မရှိ၊ သီးခြား ထူထောင်လိုပါက ဗမာများကိုပေးသည့် အခွင့်အရေးအတိုင်းပေးမည်၊ ဆက်လက်၍လည်း စောင့်ရှောက်မည်၊ ဗြိတိသျှခနေသဟာယအတွင်းတွင် ပါဝင်ရန်ဆန္ဒရှိ၊ မရှိ၊ တောင်တန်းဒေသနေ တောင်တန်းသားအားလုံးက သီးသန့်နေရန် အခွင့်အရေးများတောင်း၊ မတောင်း၊ ဗမာနှင့် ဗြိတိသျှတို့အနက် မည်သူ့ကိုပို၍ အားကိုးသနည်း၊ ဗြိတိသျှတို့ကို ယုံကြည်လျှင် လိုအင်ဆန္ဒအားလုံး ပြည့်စုံစေရမည်၊ ယခုစုံစမ်းမေးမြန်းခံရသူများသည် တိုင်းပြည်က ရွေးကောက်သူများလော၊ အချင်းချင်းရွေးလာခဲ့ကြသူများလော၊ အကယ်၍ ကော်မတီ၏ အစီရင်ခံစာကို အစိုးရက မကျေနပ်လျှင် မည်ကဲ့သို့ သဘောထားမည်နည်း၊ လူဦးရေ အလွန်များပြားသော တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံအကြားတွင် နေရဲသလော၊ ယင်းနှစ်နိုင်ငံက စီးပွားရေးစွက်ဖက်မှုပြုလျှင် မည်သို့ဆောင်ရွက်မည်နည်း၊ တောင်တန်းဒေသများရှိ စီးပွားရေးလုပ်ငန်းများကို အခြားနိုင်ငံသားများနှင့် ဗြိတိသျှတို့ ယှဉ်ပြိုင်လုပ်ကိုင်လျှင် မည်သူ့ကို ဦးစားပေးမည်နည်း၊ တတိယကမ္ဘာစစ်ကြီးဖြစ်လျှင် ဗြိတိသျှတို့ပါဝင်ခဲ့ပါက မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ဗြိတိသျှတို့ဘက်မှ ပါဝင်တိုက်ခိုက်မည်လော စသည့် မေးခွန်းများစွာနှင့် စုံစမ်းမေးမြန်းခဲ့သည်။ ဤမေးခွန်းများကို မေးမြန်း၍ တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲကာ ပင်လုံစာချုပ်ပျက်ပြယ်စေရန် ကြိုးပမ်းခဲ့သည်။

မေမြို့(ပြင်ဦးလွင်)တွင် စုံစမ်းမေးမြန်းခဲ့ရာတွင် ကချင်၊ ချင်း၊ ရှမ်းတို့အပြင် ပင်လုံ ညီလာခံကျင်းပစဉ်က မပါဝင်ခဲ့သော ကရင်နီပြည်နယ်မှ လူထုကိုယ်စားလှယ်များလည်း လာရောက်အစစ်ဆေးခံခဲ့ကြသည်။ ကရင်နီခေါင်းဆောင်များဖြစ်ကြသော ဘော်လခဲနယ်မှ ဦးဘီတူရဲနှင့် သရာရွှေလေး၊ ကြယ်ဖိုးကြီးနယ်မှ စောရွှေနှင့် ဦးအေမြလေး၊ မိုးဗြဲနယ်မှ တိုင်းဘဟန်နှင့် စောပေါလူ၊ ကန္တာ၁ရဝတီနယ်မှ စောလဝီ၊ ဦးစိန်နှင့် စောဂျိကရာစူး၊ ကရင်နီ(ကယား) လူငယ်အစည်းအရုံးမှ ဦးဘသောင်းတို့က **မြန်မာပြည်မနှင့် ပူးပေါင်း၍ လွတ်လပ်ရေးကို အရယူရန်** သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။ ရီးစ်ဝီလျံ ကော်မတီသည် ၁၉၄၇ခုနှစ် မတ်လ ၂၇ရက်နေ့မှ ဧပြီလ၂၃ရက်အတွင်း အစည်းအဝေး အကြိမ်ပေါင်း (၂၄)ကြိမ်တိုင်တိုင် ပြုလုပ်ခဲ့ရသည်။ သို့သော် "မြန်မာပြည်မနှင့် တောင်တန်းဒေသများ အတူပူးပေါင်း၍ လွတ်လပ်ရေးကို ရယူမည်"ဟူသော သန္နိဋ္ဌာန်ကို မြဲမြံစွာဆုပ်ကိုင်ထားရှိပြီးသော တိုင်းရင်းသားတို့အဖို့ မည်ကဲ့သို့မျှ ယိမ်းယိုင်ခြင်း မရှိတော့ချေ။ ဧပြီလ၂၃ရက်နေ့တွင် မြန်မာပြည်မနှင့် တောင်တန်းဒေသများ အတူပူးပေါင်း၍ လွတ်လပ်ရေးကို အရယူမည်ဟူသော အဆိုကိုပင် ထပ်ဆင့် သန္နိဋ္ဌာန်ပြုခဲ့ကြသည်။

ထို့ပြင် ၁၉၄၇ခုနှစ် ဧပြီလ၂၄ရက်နေ့တွင် အချက်(၄)ချက်ပါသော ကော်မရှင်၏ အစီရင်ခံစာကို ကော်မရှင်အဖွဲ့ဝင်များက တညီတညွတ်တည်း လက်မှတ်ရေးထိုးခဲ့ကြသည်။ ဤသို့အားဖြင့် ဗြိတိသျှအစိုးရသည် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကို သွေးခွဲ၍ မရတော့ဘဲ ၁၉၄၇ခုနှစ် မေလ ၂၂ရက်နေ့တွင် ရီးစ်ဝီလျံကော်မရှင်က သဘောတူညီချက်များကို အတည်ပြုခဲ့ရပေသည်။

ဗြိတိသျှတို့သည် ဗမာနှင့်ညီရင်းအစ်ကိုများဖြစ်ကြသော တိုင်းရင်းသားများ အတူတကွ ပူးပေါင်းပြီး လွတ်လပ်ရေးရယူကြမည်ကို မရှုဆိတ်သဖြင့် မြန်မာနိုင်ငံမှ တောင်တန်းဒေသများကို ခွဲထုတ်ရေးအတွက် တိုင်းရင်းသားအချင်းချင်း သွေးကွဲအောင် အမျိုးမျိုးခြေထိုးကြသော်လည်း နောက်ဆုံးတွင် အရှုံးနှင့်ရင်ဆိုင်ခဲ့ရလေသည်။ မြန်မာနိုင်ငံ၌ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ ရင်တွင်း၌ရှိသော **"ပြည်ထောင်စုအမြုတေ"**ကား မည်သည့်ရန်သူကမျှ ဖြိုခွဲဖျက်ဆီးခြင်းငှာ မတတ်နိုင်ပါချေ။

၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ၁၂ရက်နေ့တွင် ကျင်းပသော ပင်လုံ ညီလာခံသည် တိုင်းရင်းသားပြည်သူတို့၏ ပြည်ထောင်စုစိတ်ဓာတ်ဟူသော ရင်တွင်းအမြုတေကို ဖော်ထုတ်နိုင်ခဲ့ပြီး သူ့ကျွန်ဘဝမှ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့လေသည်။

ယနေ့ ကာလတွင် ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးသည် မကြုံစဖူးသော အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အခြေခံ၍ အနာဂတ်နိုင်ငံတော်သစ်အတွက် ခိုင်မာသောဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်ရေးတာဝန်ကို ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရပေသည်။ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် ပြည်ထောင်စုနှင့် ပြည်နယ်များဆိုင်ရာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကော်မတီက တာဝန်ယူရေးဆွဲ၍ တိုင်းပြုပြည်ပြုလွှတ်တော်က ပြင်ဆင်ဖြည့်စွက် အတည်ပြုခဲ့သည်။ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အခြေခံဥပဒေရေးဆွဲရေးကော်မရှင် ပထမ၊ ဒုတိယ၊ တတိယမူကြမ်းအဆင့်ဆင့်မှသည် ပါတီညီလာခံက အတည်ပြု၍ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးဖြင့် ဆန္ဒရယူကာ ပြဋ္ဌာန်းပေးခဲ့ခြင်းဖြစ်သည်။

၁၉၉၃ခုနှစ်က စတင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံကို အကြောင်းအမျိုးမျိုးကြောင့် ၁၉၉၆ ခုနှစ် မတ်လ၃၁ ရက်နေ့တွင် ယာယီအားဖြင့် ခေတ္တရပ်ဆိုင်းခဲ့ရသည်။ သို့သော်လည်း **နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူများ လိုလားတောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းရေးမျှော်မှန်းချက်ကို မျက်ခြည်ပြတ်မခံဘဲ တိုင်းရင်းသားပြည်သူများ၏ လိုလားချက်နှင့် အကျိုးစီးပွားကို ရှေးရှုပြီး အမျိုးသားညီလာခံ အပိုင်းတစ်ပိုင်းကို ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့မှ ဇူလိုင်လ ၉ရက်နေ့အထိ ထပ်မံကျင်းပခဲ့ပြီးဖြစ်သည်။ ၁၉၉၃-၉၆ အမျိုးသားညီလာခံက ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံရမည့် အခြေခံမူ ၁၀၄ ချက်နှင့် အသေးစိတ်အခြေခံရမည့်မူ တချို့ကို တညီတညွတ်တည်း ချမှတ်အတည်ပြုနိုင်ခဲ့ပြီးဖြစ်သည်။** ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့မှ ဇူလိုင်လ ၉ ရက်နေ့အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ၌ ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရေးအတွက် အသေးစိတ်အခြေခံရမည့် မူတချို့ကို ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဖြစ်သည်။

> **နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူများ လိုလားတောင့်တနေသည့် ဒီမိုကရေစီ နိုင်ငံတော်ဖြစ်ထွန်းရေး မျှော်မှန်းချက်ကို မျက်ခြည်ပြတ်မခံဘဲ တိုင်းရင်းသားပြည်သူများ၏ လိုလားချက်နှင့် အကျိုးစီးပွားကို ရှေးရှုပြီး အမျိုးသားညီလာခံ အပိုင်းတစ်ပိုင်းကို ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့မှ ဇူလိုင်လ ၉ ရက်နေ့အထိ ထပ်မံကျင်းပခဲ့ပြီး ဖြစ်သည်။ ၁၉၉၃-၉၆ အမျိုးသား ညီလာခံက ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံရမည့် အခြေခံမူ ၁၀၄ ချက်နှင့် အသေးစိတ်အခြေခံရမည့် မူတချို့ကို တညီတညွတ်တည်း ချမှတ် အတည်ပြုနိုင်ခဲ့ပြီးဖြစ်သည်။**

ယခုတစ်ဖန် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့(ယနေ့)တွင် အမျိုးသားညီလာခံ အပိုင်းတစ်ပိုင်းကို ပြန်လည်စတင် ကျင်းပနေပြီဖြစ်သည်။

အမျိုးသားညီလာခံသို့ တက်ရောက်၍ ညှိနှိုင်းဆွေးနွေးလျက်ရှိသော ကိုယ်စားလှယ် ၁၀၈၆ ဦးတွင် တိုင်းရင်းသား ကိုယ်စားလှယ်ပေါင်း ၆၃၃ ဦးရှိသည်ကို တွေ့ရသည်။ ကချင်ပြည်နယ်မှ ၄၁ ဦး၊ ကယားပြည်နယ်မှ ၁၉ ဦး၊ ကရင်ပြည်နယ်မှ ၂၆ ဦး၊ ချင်းပြည်နယ်မှ ၁၃ ဦး၊ စစ်ကိုင်းတိုင်းမှ ၆၁ ဦး၊ တနင်္သာရီတိုင်းမှ ၁၅ ဦး၊ ပဲခူးတိုင်းမှ ၅၀၊ မကွေးတိုင်းမှ ၄၄ ဦး၊ မန္တလေးတိုင်းမှ ၅၆ဦး၊ မွန်ပြည်နယ်မှ ၃၇ ဦး၊ ရခိုင်ပြည်နယ်မှ ၃၆ ဦး၊ ရန်ကုန်တိုင်းမှ ၆၇ ဦး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ၄၆ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ၃၉ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ၂၉ဦးနှင့် ဧရာဝတီတိုင်းမှ ၅၄ ဦး စုစုပေါင်း ၆၃၃ဦး ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ ပြည်နယ်၊ တိုင်းအနှံ့မှ တိုင်းရင်းသား ကိုယ်စားလှယ်များ ပါဝင်နေသည်ကို တွေ့ရမည်ဖြစ်သည်။

ထို့အတူ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် အရွေးချယ်ခံရသော ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ကိုယ်စားလှယ်များနှင့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့နှင့် အခြားအဖွဲ့များ၏ ကိုယ်စားလှယ်များပါဝင်ရာ လူထုလူတန်းစား အလွှာစုံမှ ကိုယ်စားလှယ်ပေါင်းစုံ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နေသည်ကို တွေ့ရမည် ဖြစ်ပေသည်။

ပင်လုံညီလာခံကြီး ကျင်းပပြီးစဉ် အခါကလည်း ကိုလိုနီနယ်ချဲ့များသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲစေရန် ကြိုးပမ်းခဲ့ကြဖူး၏။ ယခုအမျိုးသားညီလာခံကြီး ကျင်းပရန် ပြင်ဆင်စဉ်ကာလနှင့် ကျင်းပစဉ်အချိန်များ၌လည်း ကိုလိုနီလက်သစ်များနှင့် ကိုလိုနီလက်သစ်တို့၏ဩဇာခံ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားရန် ကြံစည်အားထုတ်လျက်ရှိသည်။

သို့သော် ပြည်ထောင်စုစိတ်ဓာတ်သည် မြန်မာနိုင်ငံမှ တိုင်းရင်းသားတို့၏ ရင်တွင်းအမြုတေဖြစ်ရာ ရင်တွင်းအမြုတေမျိုးသည် မည်သည့်ရန်သူကမျှ ပြိုကွဲစေရန် မစွမ်းနိုင်ချေ။ ထို့ကြောင့် ပြည်ထောင်စု၏ အမြုတေကို ရင်မှာသိုမီးလျက် နိုင်ငံတော်၏ပန်းတိုင်သို့ အမျိုးသားရေးလမ်းပြမြေပုံဖြစ်သော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ချီတက်ကြပါစို့ဟု သန္နိဋ္ဌာန်ပြု နှိုးဆော်ရေးသားလိုက်ရပါသတည်း။ ။

ရုရှားသမ္မတနှင့် ရိုမေးနီးယားသမ္မတတို့ နှစ်နိုင်ငံဆက်ဆံရေးကိစ္စများ ဆွေးနွေး

မော်စကို ဖေဖော်ဝါရီ ၁၅

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ရိုမေးနီးယားသမ္မတအား တနင်္လာနေ့၌ လက်ခံတွေ့ဆုံကာ ရုရှားနှင့် ရိုမေးနီးယားနိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေး အောင်မြင်တိုးတက်မှုရှိကြောင်း ပြောကြားလိုက်သည်။

မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးသည် မကြာသေးမီနှစ်များအတွင်း၌ တိုးတက်အောင်မြင်မှု ရရှိခဲ့ကြောင်း အလည်အပတ် ရောက်ရှိနေသည့် ရိုမေးနီးယားသမ္မတ ထရေယန်ဘာဆက်စကူနှင့်ဆွေးနွေးရာတွင် သမ္မတပူတင်က ပြောကြားခဲ့သည်။

ရည်ညွှန်း

သမ္မတပူတင်သည် ၂၀၀၃ ခုနှစ်၌ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သော ရုရှားနှင့်ရိုမေးနီးယားနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို ရည်ညွှန်းပြောဆိုသည့်ပြင် ၂၀၀၄ခုနှစ်၌ ၁၅ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့သည့် ကုန်သွယ်ရေးတိုးတက်မှုကိုလည်း ရည်ညွှန်းခဲ့သည်။

ဆက်သွယ်

မိမိနှင့်ဘာဆက်စကူတို့ ကောင်းမွန်သော လုပ်ငန်းဆက်ဆံရေးတစ်ရပ် ရရှိမည်ဟုမျှော်လင့်ကြောင်း နှစ်နိုင်ငံနှင့်နှစ်နိုင်ငံပြည်သူများ အပြန်အလှန် ပိုမို ဆက်သွယ်ဆောင်ရွက်ကြမည်ဟုလည်း မျှော်လင့်ကြောင်း သမ္မတပူတင်က ပြောကြားသည်။

ဘာဆက်စကူသည် မော်စကိုသို့ တနင်္လာနေ့ အစောပိုင်း၌ ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ၎င်းကရုရှားနိုင်ငံသို့မိမိလာရောက်ခဲ့သည့်နှစ်ရက်ကြာခရီးသည် ယုံကြည်ချက် ခိုင်မာစေရန် နိုင်ငံရေးနှင့်စီးပွားရေးဆက်ဆံမှုများ ခိုင်မာစေရန် ရည်ရွယ်ကြောင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဂျပန်နိုင်ငံတိုကျိုမြို့တွင် ဥရောပဈေးကွက်ဝင်အောင် ကြိုးစားနေသည့် တိုယိုတာမော်တော်ကား ထုတ်လုပ်မှုကို ဖေဖော်ဝါရီ ၁၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သို့ မလေးလေကြောင်းလိုင်းတိုးချဲ့ပျံသန်းမည်

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၁၆

မလေးရှားအဲလိုင်းသည် လာမည့်ငါးနှစ်အတွင်း အိန္ဒိယနိုင်ငံရှိ နေရာဒေသသစ် ၁၈ခုသို့ ပျံသန်းရန်နှင့် တရုတ်နိုင်ငံသို့ လေကြောင်းခရီးစဉ်များ ပိုမိုပျံသန်းရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

အဆိုပါမလေးရှားအဲလိုင်းသည် အမ်ရစ်ဆာ၊ ထရီချီနှင့် ထရီဗန်ဒရမ်ကဲ့သို့ အိန္ဒိယလေဆိပ်များသို့ ပျံသန်းရန် စီစဉ်ထားကြောင်း အရောင်းဖြန့်ဖြူးရေးနှင့် ဈေးကွက်ရှာဖွေရေးအထွေထွေ မန်နေဂျာ ရာရှစ်ခန်က ဘိစနက်တိုင်းမ်သတင်းစာသို့ ပြောကြားသည်။

ထို့ပြင် မလေးရှားအဲလိုင်းသည် ၂၀၁၀ပြည့်နှစ်၌ စတင်ပြီး တရုတ်နိုင်ငံသို့ လေကြောင်းခရီးစဉ်များ ပိုမိုပျံသန်းရန် စီစဉ်ထားကြောင်းနှင့် ချွန်ကင်း၊ ကူလင်နှင့် နန်နင်းမြို့များ အပါအဝင်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယင်းအချက်များအပေါ် အခြေခံပြီး မိမိတို့၏ အာရှလေကြောင်းပျံသန်းရေး အစီအစဉ်အတွက် နှစ်စဉ် ၁၂ ရာခိုင်နှုန်းပျမ်းမျှတိုးတက်မှုရှိမည်ဟု မိမိတို့ ယုံကြည်ထားကြောင်း ၎င်းက ပြောကြားသည်။

မလေးရှား အဲလိုင်းသည်လက်ရှိ၌ အိန္ဒိယနိုင်ငံသို့ အပတ်စဉ် (၂၆)ကြိမ် ပျံသန်းလျက်ရှိပြီး နယူးဒေလီ၊ မွမ်ဘိုင်း၊ ချင်နေး၊ ဘင်္ဂလား၊ ဟိုက်ဒရာဘက်၊ အမီဒါဘက်နှင့် ကိုလ်ကာတာသို့ ပျံသန်းပေးနေသည်။

တရုတ်နိုင်ငံတွင် မလေးအဲလိုင်းသည် ပေကျင်း၊ ရှန်ဟိုင်း၊ ဟောင်ကောင်၊ စီမင်း၊ ချင်ဒူးနှင့် ကူမင်းမြို့များသို့ အပတ်စဉ်(၆၃)ကြိမ် ပျံသန်းပေးသည်။

(အင်တာနက်)

ဟောင်ကောင်ဆိပ်ကမ်းကို ဖေဖော်ဝါရီ ၁၅ ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဆူနာမီဘေးမှ အသက်ရှင်ခဲ့သော ကလေးငယ် မိဘအစစ်အမှန်လက်သို့ ပြန်ရောက်တော့မည်

ကိုလံဘို ဖေဖော်ဝါရီ ၁၅

ဆူနာမီဒီလှိုင်း ရိုက်ခတ်သည့်ဒဏ်ကို သီရိလင်္ကာနိုင်ငံ ခံရချိန်တွင် အသက်မသေဘဲ ရှင်ကျန်ရစ်ခဲ့သောဘေဘီ ၈၁ဟုထင်ရှားသည့် သုံးလသားအရွယ် ကလေးငယ်၏ မိဘဖြစ်ကြောင်း ဒီအင်အေစစ်ဆေးချက်က အတည်ပြုခဲ့ပြီးနောက် အဆိုပါ ဘေဘီ ၈၁ကို သူ၏စစ်မှန်သော မိဘများလက်ဝယ်သို့ လွှဲပြောင်းတော့မည်ဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံ အရှေ့ဘက်ရှိ ကာလ်မူနေး တရားရုံးက တနင်္လာနေ့၌ ပြောကြားသည်။

အဆိုပါကလေးငယ်ကို မိဘများဖြစ်ကြသည့် မူဂူဂူပီလေးအီယာရာဂျာနှင့် ဇနီးဖြစ်သူ ဂျာအာနီတာတို့လက်သို့ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း ကာလ်မူနေး ခရိုင်တရားသူကြီး အမ်ပီမိုဟီဒင်းက အမိန့်ထုတ်ပြန်ခဲ့သည်။

ဘေဘီ ၈၁

အဆိုပါ ကလေးငယ်သည် ကာလ်မူနေးဆေးရုံသို့ ရောက်ရှိလာသည့် ၈၁ဦးမြောက် ဒုက္ခသည်ဖြစ်ခြင်းကြောင့် ဘေဘီ ၈၁ဟု ထင်ရှားလူသိများခဲ့ခြင်း ဖြစ်သည်။

လုပ်ဆောင်ခဲ့

ထိုကလေးငယ်အား မွေးစားရန် စိတ်ဝင်စားသည့် မိဘခြောက်ဦးရှိရာ မိဘဖြစ်ကြောင်း ဒီအင်အေစစ်ချက်ယူရန်အတွက် ဖေဖော်ဝါရီ ၂ရက်တွင် တရားသူကြီးက အမိန့်ထုတ်ခဲ့သည်။ ဒီအင်အေစစ်ချက်ကို ကိုလံဘိုမြို့၌ တစ်ပတ်အကြာတွင် လုပ်ဆောင်ခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ

ရုက္ခဗေဒဥယျာဉ်ကြီး စင်ကာပူတည်ဆောက်မည်

စင်ကာပူ ဖေဖော်ဝါရီ ၁၅

စင်ကာပူနိုင်ငံသည်လာမည့်နှစ်တွင် စင်ကာပူနိုင်ငံ၏ ဒုတိယအကြီးဆုံး ရုက္ခဗေဒ ဥယျာဉ်ကြီးတစ်ခု စတင်တည်ဆောက်မည်ဖြစ်ကြောင်း မီဒီယာများက မကြာမီ အချိန်က သတင်းထုတ်ပြန်သည်။

အဆိုပါ ဥယျာဉ်ကြီးကို စင်ကာပူနိုင်ငံ တောင်ပိုင်းတွင် တည်ဆောက်မည်ဖြစ်ပြီး စင်ကာပူနိုင်ငံ၏ အကြီးမားဆုံး ဖျော်ဖြေတင်ဆက်မှုများနှင့် ပျော်ပွဲရွှင်ပွဲများအတွက် စင်မြင့်တစ်ခုလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

မျှော်မှန်း

ထိုရုက္ခဗေဒဥယျာဉ်ကြီး တည်ဆောက်မှု စီမံကိန်းအစီအစဉ်ကို ယခုနှစ်ကုန်တွင် အပြီးသတ်အတည်ပြုမည်ဖြစ်ပြီး တည်ဆောက်မှု အစအဆုံး လာမည့် ငါးနှစ်မှ ၁၀နှစ်အတွင်း အပြီးသတ်တည်ဆောက်နိုင်မည်ဟု မျှော်မှန်းထားသည်။

ယင်း ရုက္ခဗေဒဥယျာဉ်ကြီးတွင် ကလေးများအတွက် ပန်းခြံအသစ်တစ်ခုကိုလည်း ထည့်သွင်းတည် ဆောက်ပေးရန်နှင့် ဖျော်ဖြေရေး တီးဝိုင်းစင်မြင့်တစ်ခုလည်း တည်ဆောက်ရန်စီစဉ်ထားကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မယ်ကမ္ဘာပြိုင်ပွဲ ဇင်ဘာဘွေ၌ ကျင်းပမည်

ကမ္ဘာတစ်ဝန်းမှ အလှမယ် ၆၀ကျော် ဇင်ဘာဘွေသို့ရောက်ရှိ

ဟာရာရေး ဖေဖော်ဝါရီ ၁၅

ဝိတိုရိယ ရေတံခွန်ရှိရာ ဇင်ဘာဘွေနိုင်ငံ၏ အပန်းဖြေမြို့တွင် ဖေဖော်ဝါရီ ၂၆ရက်၌ ကျင်းပမည့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး မယ်ကမ္ဘာပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် ကမ္ဘာတစ်ဝန်းမှ အလှဘုရင်မ၆၀ကျော်သည် ဇင်ဘာဘွေနိုင်ငံသို့ တနင်္ဂနွေနေ့က ရောက်ရှိ လာခဲ့ကြသည်။

နှစ်ပေါင်း ၂၀အတွင်း ပထမဆုံးအကြိမ်အဖြစ် အာဖရိကတောင်ပိုင်း ဇင်ဘာဘွေနိုင်ငံတွင် ကျင်းပမည့် အဆိုပါပြိုင်ပွဲအခမ်းအနားသို့ အလှမယ် ၁၀၀ထိ ပါဝင်ယှဉ်ပြိုင် ကိုယ်ဟန်ပြကြမည် ဖြစ်သည်။

ပြိုင်ပွဲဝင်မည့် နောက်ထပ်အလှမယ် ၁၁ဦးကို မျှော်လင့်လျက်ရှိကြောင်း ခရီးသွားမယ်ကမ္ဘာပြိုင်ပွဲ ကျင်းပရေး လူထုဆက်သွယ်ရေးအကြီးအကဲ မိုက်ကယ်လ်အိုဂျီကပြောကြားသည်။ တနင်္ဂနွေနေ့တွင် ရောက်ရှိလာခဲ့သည့် ကိုယ်ဟန်ပြမယ်များအနက် ၂၁ဦးသည် ဝိတိုရိယရေတံခွန်သို့ ဆက်လက်သွားရောက်ကြမည်ဖြစ်ပြီး ကျန်ရှိသူများက မြို့တော်တွင် ကျန်ခဲ့မည်ဖြစ်သည်။

ယင်းပြိုင်ပွဲသည် ဇင်ဘာဘွေနိုင်ငံအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ အလားအလာများကို ကမ္ဘာသို့ စင်တင်ပြသရန် အခွင့်အလမ်းရရှိမည်ဖြစ်ကြောင်း ကိုယ်ဟန်ပြမယ်ကျင်းပရေးဥက္ကဋ္ဌ ဂျွန်ဆင်းက ပြောကြားသည်။ ဥရောပမှ ပြိုင်ပွဲဝင်အများစုသည် ပြိုင်ပွဲယှဉ်ပြိုင်ရန်အတွက် အာဖရိကနှင့် အထူးသဖြင့် ဇင်ဘာဘွေသို့ လာရောက်ရခြင်းအတွက် အလွန်ပင် စိတ်လှုပ်ရှားခဲ့ကြကြောင်း အိုဂျီက ပြောသည်။

အမ်အင်အေ၊ ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဗင်နီဇွဲလားသမ္မတအား လုပ်ကြံသတ်ဖြတ်ရေး မကြိုးစားရန် အမေရိကန်ပြည်ထောင်စုအား ကျူးဘားသမ္မတသတိပေးပြောကြား

ဟာဗားနား ဖေဖော်ဝါရီ ၁၅

ကျူးဘားသမ္မတ ဖီဒယ်လ်ကတ်စထရိုက ၎င်း၏အရေးအကြီးဆုံး မဟာမိတ်ဖြစ်သော ဗင်နီဇွဲလားလက်ဝဲဝါဒီ သမ္မတဟူဂိုရှာဗက်ဇ်အား အမေရိကန်ပြည်ထောင်စုက လုပ်ကြံသတ်ဖြတ်ရန် ကြံစည်ခြင်းမပြုရန် စနေနေ့က သတိပေး ပြောကြားလိုက်သည်။

အယ်ဖန်ရှာဗက်ဇ်ကို အမေရိကန်ပြည်ထောင်စုက လုပ်ကြံသတ်ဖြတ်မည်ဆိုလျှင် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်အပေါ်၌ လုံးလုံးလျားလျား တာဝန်ရှိလိမ့်မည်ဖြစ်ကြောင်း ကတ်စထရိုက ပြောကြားသည်။

သို့ရာတွင်ကျူးဘားခေါင်းဆောင် ကတ်စထရိုသည် ရှာဗက်ဇ်၏ အသက်အန္တရာယ်စိုးရိမ်းစရာရှိသည်ဆိုသော အထောက်အထားကို ဖော်ပြခြင်းမရှိဟုဆိုသည်။

စိုးရိမ်

ရေနံကြွယ်ဝသော ဗင်နီဇွဲလားနိုင်ငံ၏ ခေါင်းဆောင်ရှာဗက်ဇ်သည် ကျူးဘားနိုင်ငံနှင့် ရင်းနှီးမှုရှိရာ အမေရိကန်ပြည်ထောင်စုအတွက် ရေနံအဓိကထောက်ပံ့သည့် နိုင်ငံဖြစ်သော ဗင်နီဇွဲလားနိုင်ငံသည် ကျူးဘားကဲ့သို့ ကွန်မြူနစ်ဝါဒကျင့်သုံးသောနိုင်ငံ ဖြစ်လာမည်ကို အမေရိကန်ပြည်ထောင်စုက စိုးရိမ်ထိတ်လန့်ခဲ့သည်။

ပြောကြား

ဆေးပြင်းလိပ်၌ အဆိပ်ခတ်ခြင်း၊ ခရုခွံကို ဖောက်ခွဲခြင်းများအပါအဝင် စီအိုင်အေက မိမိအားလုပ်ကြံရန် ကြိုးပမ်းမှု အကြိမ်၁၀၀ထက် မနည်းရှိခဲ့ပြီးမိမိအသက်ဘေးမကြုံဘဲ အသက်ရှင် ကျန်ရစ်ကြောင်း ကတ်စထရို(၇၈)နှစ်က ကိုယ်ရည်သွေးပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ကင်ညာနိုင်ငံ ကျောင်းနှင့် ကောလိပ်များအနီး အရက်နှင့်ဆေးလိပ်ကြော်ငြာများ ပိတ်ပင်

နိုင်ရိုဘီ ဖေဖော်ဝါရီ ၁၅

ကင်ညာနိုင်ငံသည် ကျောင်းများနှင့် ကောလိပ်များအနီး၌ အရက်နှင့် ဆေးလိပ်ကုမ္ပဏီများ၏ ကြော်ငြာများကို ပိတ်ပင်တားမြစ်လိုက်ကြောင်း ဆတ်တာဒေးနေးရှင်း သတင်းစာက စနေနေ့တွင် ဖော်ပြခဲ့သည်။

လမ်းဘေးကြော်ငြာဆိုင်းဘုတ်များ၊ နံရံကပ်ပန်းချီပုံများ၊ ပိုစတာများ၊ သတ္တုဆိုင်းဘုတ်များကိုကျောင်းများမှ အချင်းဝက်သုံးကီလိုမီတာအတွင်း တပ်ဆင်ချိတ်ဆွဲခြင်းမပြုရန် ကင်ညာဈေးကွက်ရှာဖွေရေးအဖွဲ့ (အမ်အက်စ်ကေ)က သောကြာနေ့တွင် ညွှန်ကြားခဲ့ကြောင်း သတင်းစာက ဖော်ပြခဲ့သည်။

အမိန့်ထုတ်

အမ်အက်စ်ကေက အသက်(၁၈)နှစ်အောက် ကျောင်းသား ကျောင်းသူများရှိသော ကျောင်းများနှင့် ကောလိပ်များအနီးမှ ကြော်ငြာများ အားလုံးကို ဖယ်ရှားရန် အရက်နှင့်ဆေးလိပ် ကြော်ငြာရှင်များ၊ ကြော်ငြာဆိုင်းဘုတ်ကုမ္ပဏီများနှင့် လူထုဆက်သွယ်ရေးအသုံးပြုသည့် အေဂျင်စီအားလုံးကို အမိန့်ထုတ်ပြန်ခဲ့သည်။

အဆိုပါ အရေးယူဆောင်ရွက်မှုကို ချက်ချင်းစတင်လိုက်နာကြရန် သက်ဆိုင်ရာကုမ္ပဏီများနှင့် အဖွဲ့အစည်းများအား တရားဝင်သတိပေးထားကြောင်း ညွှန်ကြားချက်တွင် ဖော်ပြပါရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အေအိုင်ဒီအက်စ် ဗိုင်းရပ်စ်၏ ဂုဏ်သတ္တိသစ်တစ်မျိုး နယူးယောက်တွင် ရှာဖွေတွေ့ရှိ၍ စမ်းသပ်စစ်ဆေးရန် နှိုးဆော်

နယူးယောက် ဖေဖော်ဝါရီ ၁၅

အေအိုင်ဒီအက်စ်ဗိုင်းရပ်စ်၏ ထူးခြားသည့်ဂုဏ်သတ္တိ အသစ်တစ်မျိုးကို နယူးယောက်မြို့တွင် ရှာဖွေတွေ့ရှိခဲ့ရာ ကျန်းမာရေးအထောက်အကူပေးသူများကို တပ်လှန့်နှိုးဆော်လိုက်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက စနေနေ့၌ ပြောကြားကြသည်။

ယင်းဗိုင်းရပ်စ်ဂုဏ်သတ္တိအသစ်သည် ဆေးဝါးကို ခုခံနိုင်သည့်ပြင် အေအိုင်ဒီအက်စ်ရောဂါကိုလည်း မြန်မြန်ထက်ထက် ဖြစ်စေသည်ဟု ဆိုသည်။ တရားမဝင်ဆေးဝါးဖြစ်သည့် မီသမ်ဖီတာမင်းဆေးဝါးအား အသုံးပြုခြင်းသည် ဗိုင်းရပ်စ်ပိုးကူးစက်ရာတွင် အချက်တစ်ချက်ဖြစ်သည်မှာ သေချာသလောက်ဖြစ်ကြောင်းအဆိုပါ အရာရှိများက ပြောကြားသည်။

သတိပေး

ထိုအေအိုင်ဒီအက်စ် ဗိုင်းရပ်စ်၏ ထူးခြားသည့်ဂုဏ်သတ္တိသစ်ကို ဇန်နဝါရီလ ၂၁ရက်၌ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး နယူးယောက်စီးတီးကျန်းမာရေးနှင့် စိတ်ကျန်းမာရေးဌာနမှ အထူးအရာရှိ ဒေါက်တာသောမတ်စ်ဖရီးဒင်းကယင်းသည် အဓိကပြဿနာတစ်ရပ် ဖြစ်လာမည့် အလားအလာရှိကြောင်းနှင့် အိတ်ချ်အိုင်ဗွီပိုး၏ ဂုဏ်သတ္တိ အထောက်အထားကို စမ်းသပ်စစ်ဆေးရန် ဆရာဝန်များနှင့် ဆေးရုံများအား သတိပေး နှိုးဆော်ထားသည်။

ပထမဆုံး

အေအိုင်ဒီအက်စ်ကိုဖြစ်စေသော အိတ်ချ်အိုင်ဗွီဗိုင်းရပ်ပိုး၏ ဂုဏ်သတ္တိတစ်မျိုးကို နယူးယောက်၌ ယခုကဲ့သို့ တွေ့ရှိခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ပြီး ယင်းဗိုင်းရပ်စ်၏ ဂုဏ်သတ္တိသည် အေအိုင်ဒီအက်စ် နှိမ်နင်းရေးအဓိက ဆေးဝါးကို အကြီးအကျယ်ခုခံနိုင်စွမ်းရှိသည့်အပြင် အေအိုင်ဒီအက်စ်ရောဂါကိုလည်း လျင်မြန်စွာတိုးတက်ဖြစ်ထွန်းစေသည်ဟု အရာရှိများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဖူဂျီကုမ္ပဏီမှ အသစ်ထုတ်လုပ်ထားသော ဒီဂျစ်တယ်ကင်မရာတစ်လုံးအား ဝန်ထမ်းတစ်ဦးက ပြသနေသည်ကို ဖေဖော်ဝါရီ ၁၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘာလက်၌ အမေရိကန်တပ်ဖွဲ့ဝင်လေးဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၅

အီရတ်နိုင်ငံတွင် တနင်္ဂနွေနေ့က မော်တော်ယာဉ် မတော်တဆဖြစ်ရပ်တစ်ခုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး အခြားတပ်ဖွဲ့ဝင် တစ်ဦးမှာ တိုက်ခိုက်ခံရမှုကြောင့် သေဆုံးခဲ့ရကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

သို့ရာတွင် အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားရာ၌ ဘဂ္ဂဒက်မြို့မြောက်ဘက် မိုင်၈၀အကွာရှိ ဘာလက်မြို့အနီးတွင် တနင်္ဂနွေနေ့နံနက်စောစောက ကင်းလှည့်သွားသော အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံခဲ့ရကြောင်း ဖော်ပြထားသည်။

ထိုးဆင်း

ထိုသို့တိုက်ခိုက်ခံရပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များ စီးနင်းလာသော မော်တော်ယာဉ်မှာ တူးမြောင်းတစ်ခုအတွင်း ထိုးဆင်းသွားခဲ့ကြောင်းလည်း ဆက်လက်ဖော်ပြထားသည်။

တိုက်ခိုက်ခံရ

ပြီးခဲ့သည့် တနင်္ဂနွေနေ့နှောင်းပိုင်းကလည်း ဆာမာရာမြို့အနီးတွင် တိုက်ခိုက်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်းလည်း သိရသည်။ ဆာမာရာမြို့အနီးတွင် တိုက်ခိုက်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟုလည်း အမေရိကန်စစ်ဘက်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အမေရိကန်တပ်ဖွဲ့ဝင်များ၏ ညှဉ်းပန်းနှိပ်စက်မှုများ ဂွမ်တာနာမို အကျဉ်းသားဟောင်း ထုတ်ဖော်

ဆစ်ဒနီ ဖေဖော်ဝါရီ ၁၅

မိမိသုံးနှစ်နီးပါးကြာ ဖမ်းဆီးထိန်းသိမ်းခြင်းခံရစဉ်အတွင်း ကျူးဘားနိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင်များ၏ အရှက်ရအောင် လုပ်ခြင်းခံရသည့်ပြင် ပါကစ္စတန်နှင့် အီဂျစ်နိုင်ငံတွင် ရိုက်နှက်ခြင်းနှင့် လျှပ်စစ်ဓာတ်အားဖြင့် ဓာတ်လိုက်စေခြင်းတို့ဖြင့် ညှဉ်းပန်းနှိပ်စက်ခြင်းခံခဲ့ရကြောင်း ဂွမ်တာနာမိုပင်လယ်အော် အကျဉ်းသားဟောင်းတစ်ဦးဖြစ်သူ ဩစတြေးလျနိုင်ငံသား မမ်ဒူဟာဘစ်က တနင်္ဂနွေနေ့၌ ပြောကြားလိုက်သည်။

ဖမ်းဆီးခဲ့

ဇန်နဝါရီလအတွင်း၌ အကျဉ်းစခန်းမှလွတ်မြောက်လာခဲ့ပြီးနောက် ပထမဆုံးအကြိမ် ပြောကြားရာ၌ ဟာဘစ်က ၂၀၀၁ခုနှစ်တွင် ပါကစ္စတန်၌ ထိန်းသိမ်းခြင်းခံရပြီးနောက် ၎င်းအား အမေရိကန်နှင့် ပါကစ္စတန်တပ်ဖွဲ့ဝင်များက ရိုက်နှက်ခဲ့ကြောင်း၊ လျှပ်စစ်ဓာတ်ဖြင့် ဓာတ်လိုက်စေကြောင်း ဩစတြေးလျနိုင်ငံ၏ မိနစ်၆၀ရုပ်မြင်သံကြား အစီအစဉ်သို့ ဟာဘစ်က ပြောကြားသည်။ ဟာဘစ်အား အိုဆမာဘင်လာဒင်၏ စစ်သွေးကြွအဖွဲ့ အယ်လ်ခိုင်ဒါကို အကူအညီပေးသည်ဟု မသင်္ကာသဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် အမေရိကန်ပြည်ထောင်စုသည် ဟာဘစ်အားစွပ်စွဲချက်အထောက်အထားကို ရှာမတွေ့ခဲ့ဘဲရှိပြီး၊ ဟာဘစ်သည် ဇန်နဝါရီ ၂၈ရက်၌ ဆစ်ဒနီသို့ ပြန်လည်ရောက်လာခဲ့သည်။

ပါကစ္စတန် စစ်ဘက်လေဆိပ်တွင်လည်းကောင်း၊ အီဂျစ်၌ထပ်မံ၍လည်းကောင်း မိမိညှဉ်းပန်းနှိပ် စက်ခံနေရသည်ကို အမည်မသိသူ အစိုးရအရာရှိတစ်ဦးက မျက်မြင်တွေ့ရှိခဲ့ကြောင်း ရုပ်မြင်သံကြားတွေ့ဆုံခန်း၌ ဟာမစ်က ပြောကြားသည်။ ပါကစ္စတန်၌ သုံးပတ်ကြာဖမ်းဆီးထိန်းသိမ်းခံရစဉ် အမေရိကန်တပ်ဖွဲ့ဝင် ၁၅ ဦးနှင့် ပါကစ္စတန်တပ်ဖွဲ့ဝင်လေးဦးက မိမိအား ထိုးကြိတ်ရိုက်နှက်ခဲ့ကြပြီး ကိုယ်လုံးတီးဖြစ်အောင် အဝတ်အစားများကို ဆွဲချွတ်ခဲ့ကြကြောင်း၊ ထို့နောက် ၎င်းအားဓာတ်ပုံရိုက်ခြင်း၊ဗီဒီယိုရိုက်ခြင်းပြုလုပ်ခဲ့ကြောင်း ဟာဘစ်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

မိုဆူးလ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်တစ်ဦးအား စစ်ဆေးမေးမြန်းနေသည်ကို ဖေဖော်ဝါရီ ၁၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တောင်အာဖရိက လေထီးခုန်သမား လေ့ကျင့်စဉ် သေဆုံး

လူဆာကာ ဖေဖော်ဝါရီ ၁၅

တောင်အာဖရိက နိုင်ငံသားတစ်ဦးဖြစ်သည့် ကောင်းကင်လေထီးခုန်သမားတစ်ဦးသည် ကောင်းကင်လေထီးခုန် လေ့ကျင့်စဉ်အတွင်း သူ၏လေထီးမပွင့်မှုကြောင့် သေဆုံးခဲ့ရကြောင်း ဇမ်ဘီယာ သတင်းဌာနက တနင်္ဂနွေနေ့တွင် သတင်းထုတ်ပြန်သည်။

ဇမ်ဘီယာယူနီဖော်ဆယ် လေထီးခုန်အသင်းမှ အဖွဲ့ဝင်လေးဦးမှ တစ်ဦးသည် လူဆာကာမြို့ ကီရန်ဒူ နယ်မြေရှိ လီရိုပတ် တောင်ကုန်းအနီးတွင် ယင်းကဲ့သို့ လေထီးချို့ယွင်းမှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့အရာရှိတစ်ဦးဖြစ်သူ မူဂန်ဂါချန်ဒါက အတည်ပြု ပြောကြားသည်။

အသက်(၅၅)နှစ်အရွယ်ရှိလေထီးခုန်နည်းပြတစ်ဦးဖြစ်သည့် သီရိုနစ်ခရူဂါစ်၏ လေထီးသည် လေယာဉ်မှ ခုန်ထွက်ခဲ့ပြီးနောက် သတ်မှတ်ထားသည့် အချိန်တွင် မပွင့်ခဲ့မှုကြောင့် မြေပြင်သို့ကျပြီး သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း အဆိုပါရဲအရာရှိက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဗုဒ္ဓမြတ်စွယ်တော်အပူဇော်ခံမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပဲခူးတိုင်း လက်ပံတန်းမြို့နယ် ဇီးဖြူကုန်းရွာမရှိ ဂန္ဓကုဋိတိုက်အတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်အပူဇော်ခံပွဲကို ၁၃၆၆ ခုနှစ် တပေါင်းလဆန်း ၈ရက်မှ တပေါင်းလပြည့်ကျော် ၁ရက် (မတ် ၁၇ ရက်မှ ၂၅ရက်အထိ) ကျင်းပမည်ဖြစ်သည်။ အဆိုပါ မြတ်စွယ်တော်မှာ ၁၂၄၉ခုနှစ်က အုတ်ဖိုဆရာတော်ကြီး သီဟိုဠ်ကျွန်းမှ ပင့်ဆောင်တော်မူခဲ့သော မြတ်ဗုဒ္ဓ၏စွယ်တော်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၁၂ ရက်က ရန်ကုန်တိုင်း ရွှေပြည်သာမြို့ သုံးပန်လှအောင်သော်တာသီလရှင်စာသင်တိုက်ကြီး၏ ဆောက်လုပ်ဆဲ သုံးထပ်ကျောင်းဆောင်သစ်ကြီးအတွက် အမိုးသွပ် တစ်ဦးတည်းအလှူရှင် ဒေါက်တာတင်အေး၊ ဒေါ်မြရွှေ(အေးရိပ်သာဆေးခန်း၊ ရွှေပြည်သာ)တို့က ပဓာနနာယက ဓမ္မာစရိယ ဂန္ထဝါစကပဏ္ဍိတဘွဲ့ရ ဆရာကြီးဒေါ်နန္ဒသိင်္ဂီထံသို့ အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

သရက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်များအတွက် လိုအပ်လျက်ရှိသော စာအုပ်များလှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၂ရက်တွင် သရက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းလမ်း ရေနံ့ရိပ်သာအိုင်(၇) ခနိတောနေ ဦးမြင့်တိုးက ငွေကျပ် ၁၃၉၅၀၀ တန်ဖိုးရှိ သုတ၊ ရသ၊ မဂ္ဂဇင်း၊ ဝတ္ထုအုပ်ရေ ၂၉၀ နှင့် ဂျာနယ်စောင်ရေ ၂၀၀ ကို ဒုတိယအကြိမ်အဖြစ် လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဦးဝင်းမြိုင်က လက်ခံရယူသည်။

ဖဲကြိုးဖြတ်ဖွင့်

အလားတူ မန္တလေးတိုင်း မတ္တရာမြို့နယ် ပျဉ်ကာကျေးရွာအုပ်စု ပျဉ်ကာကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက်တွင် ကျင်းပရာ ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူးဦးမျိုးမြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ကျေးရွာဥက္ကဋ္ဌထံ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက သုတ၊ ရသစာအုပ်များနှင့် ဒေသခံများက မဂ္ဂဇင်း၊ ဂျာနယ်၊ သုတ၊ ရသ စာအုပ်၂၉၀ တို့ကို ပေးအပ်လှူဒါန်းသည်။

ထို့ပြင် မတ္တရာမြို့နယ် ဝန်စုကျေးရွာအုပ်စု ထိန်ပင်စောက် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ရက်တွင် ကျင်းပရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဦးအောင်ထိနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံကျွမ်းကျင် ဒေါ်ဆွေဆွေတင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် စာအုပ်လှူဒါန်းပွဲကို ကျင်းပရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံသို့ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတ၊ ရသ စာအုပ်များနှင့် ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးခင်မောင်လှက စာအုပ်အလှူရှင်များကိုယ်စား စာအုပ်မျိုးစုံ ၁၃၅ အုပ်၊ ဦးစံငွေး-ဒေါ်စံပယ်နှင့် မိသားစုက ဂျာနယ်ငါးစောင်၊ ဦးဝင်းဦးက ကတ်ထူစာအုပ်နှစ်အုပ်၊ ဦးတင်ချွန်-ဒေါ်ခိုင်တို့က သတင်းစာ သုံးလစာ၊ ဦးအောင်ငြိမ်း-ဒေါ်တင်မာ၊ ဦးကျော်အေး-ဒေါ်သန်းလှနှင့် ဦးကိုကြီး-ဒေါ်ပေါစိန်တို့က သတင်းစာ ခြောက်လစာ အသီးသီး ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အဓိဋ္ဌာန်

စည်းလုံးခြင်းသည် အင်အား

"တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် မည်သို့သောအဖျက်အမှောင့်မှန်သမျှကိုမဆို တွန်းလှန်ချေမှုန်း၍ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် အရောက်ချီတက်ကြပါစို့"

ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ မြင်းခြံမြို့နယ်၌ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြင်းခြံမြို့နယ် ပင်လယ်ကျေးရွာ ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် ည ၇နာရီခွဲက အဆိုပါစက်ရုံ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်းနှင့် အဖွဲ့ဝင်များ ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းအောင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြအောင်နှင့် အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာပြည်သူများ စုစုပေါင်းအင်အား ၁၈၀၀ ကျော် တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်

ရှေးဦးစွာ ပင်လယ်ကျေးရွာ ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံကို မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြအောင်နှင့် ကျေးရွာမီးလင်းရေးကော်မတီ ဥက္ကဋ္ဌ ဦးကျင်ခဲတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်းက စက်ခလုတ်နှိပ်၍ မီးဖွင့်ပေးလိုက်သည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် နယ်မြေတာဝန်ခံ ဦးနိုင်ဦးက ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် ကျေးရွာရပ်မိရပ်ဖ တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ထောက်ပံ့ငွေကျပ် ၁၀သိန်းနှင့် ကျေးရွာပြည်သူလူထု၏ စုပေါင်းထည့်ဝင်ငွေကျပ် ၂၅သိန်း စုစုပေါင်း ငွေကျပ် ၃၅သိန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အကောက်ခွန်ဟောင်းအသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

အကောက်ခွန် ဝန်ထမ်းဟောင်းများအသင်း၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဗိုလ်တထောင်မြို့နယ် လမ်း၅၀ရှိ အကောက်ခွန်သင်တန်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်အားလုံး မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

ဘုရားဖြူဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်မြို့လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းက ကျင်းပသော ဘုရားဖြူဓမ္မသဘင်တွင် ဖေဖော်ဝါရီ ၁၉ ရက်၌ အရှင်အာစာရာလင်္ကာရ (စစ်ကိုင်းရွှေဟင်္သာ)၊ ၂၀ရက်၌ ဘဒ္ဒန္တ အရဝိန္ဒာဘိဝံသ(ရွှေလင်းယုန် ဆရာတော်)၊ ၂၃ ရက် (လပြည့်နေ့)၌ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ(အောင်ဆန်းမိုးကုတ်) ဆရာတော်တို့က ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်အတွင်း ညစဉ်တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဂါရဝစကား

အထက(၁)လသာ(စင်ထရယ်) ကျောင်းသားဟောင်းများ၏ (၁၂) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၆ရက်က အဆိုပါ ကျောင်းဗဟိုစုံပြခန်းမတွင် ကျင်းပရာ အပူဇော်ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများအား ပူဇော်ပွဲကျင်းပရေး ဥက္ကဋ္ဌ ဦးစိန်ထွန်းလင်းက ဂါရဝစကား ပြောကြားစဉ်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၇-၂-၂၀၀၅(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၁၀ ၆။ အကပဒေသာ
- ၈:၂၀ ၇။ ထပ်ဆင့်အောင်ပွဲ ဧရာဝတီတံတား(ဒေးဒရဲ)
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ တေးဂီတအစီအစဉ်
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရုက္ခဗေဒ အထူးပြု) (ရုက္ခဗေဒ)
- ၁၇:၀၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၁၇:၁၅ ၆။ တေးဂီတအစီအစဉ်
- ၁၇:၃၀ ၇။ မြန်မာစာ၊ မြန်မာစကား
- ၁၇:၄၅ ၈။ **"အလံလေးတော့ ကိုင်ပြပါ"** ဇွဲနိုင်ဝင်း၊ ရတနာခင် (ဒါရိုက်တာ-မင်းအုပ်စိုး)
- ၁၈:၀၀ ၉။ တေးဂီတအစီအစဉ်
- ၁၈:၁၀ ၁၀။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၁၈:၂၀ ၁၁။ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို မဆန့်ကျင်သင့်
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်သောညီမ'(အပိုင်း-၇)**
- ၁၉:၃၅ ၁၅။ "တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကလှပဝေဆာ"
- ၁၉:၄၅ ၁၆။ **အမျိုးသားညီလာခံဂုဏ်ပြုတေး**
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ မြန်မာဗီဒီယိုဇာတ်လမ်း **"ချစ်ချစ် ချစ်တဲ့ကိုကို"** (အပိုင်း-၁) လွင်မိုး၊ သုမောင်၊ ထက်ထက်မိုးဦး (ဒါရိုက်တာ-ကြီးမြင့်)
- ၂၁။ နောက်တစ်နေ့အစီအစဉ်

ရွှေပြည်သာမြို့နယ် အမှတ်(၁၁)ရပ်ကွက်အတွင်း နေထိုင်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဇန်နဝါရီ ၂၆ရက်က အဆိုပါ ရပ်ကွက်ရုံး၌ကျင်းပရာ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးတင်အောင်က နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ တစ်ဦးချင်း ပေးအပ်စဉ်။ (ဝ၄၆)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၂၉၈၉)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး ကြည့်ရှုစစ်ဆေး စိုက်ပျိုးရေ အလေအလွင့်မရှိစေရေး ထိန်းသိမ်းသုံးစွဲရန်မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့သို့ သွားရောက်၍ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ သည် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ် အစပ် ရန်ကုန်-ပဲခူးခြောက်လမ်းသွား လမ်းမကြီး နှင့် အမှတ်(၃) လမ်းဆုံ အနီးရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ်က စိုက်ပျိုးလျက်ရှိသည့် လယ်မြေဧက ၈၀ သို့ ရောက်ရှိလာပြီး လျှပ်စစ်ရေတင် စီမံကိန်းဖြင့် နွေစပါး စိုက်ခင်းများသို့ စိုက်ပျိုးရေ ပေးသွင်းလျက်ရှိသည့် အခြေအနေ၊ လယ်မြေအတွင်း မှော်ဘီ (၃)၊ရေဆင်း(၃)၊ဒဂုံသီရိ၊ညော့်မထစော၊ ရွှေနံ့သာ(၉)စသည့် အထွက်ကောင်း စပါးမျိုးများ စိုက်ပျိုးဖြစ်ထွန်းလျက် ရှိသည့်အခြေအနေ၊ လယ်မြေပေါင်များ နှင့် ကန်သင်းရိုးများ တစ်လျှောက် စားပင်သီးနှံများ စိုက်ပျိုးဖြစ်ထွန်း လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တိုင်း စိုက်ပျိုးရေး မန်နေဂျာ ဦးအောင်ဆန်းနှင့် တာဝန်ရှိ သူများက နွေစပါးစိုက်ပျိုးပြီးစီးမှုနှင့် စိုက်ပျိုးရေလုံလောက်စွာ ပေးဝေလျက် ရှိသည့် အခြေအနေများကို ရှင်းလင်း တင်ပြကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လယ်မြေရှင်းလင်း ဆောင်၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် စိုက်ပျိုးရေးနှင့် မွေးမြူရေး ကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သိန်းဆင့်နှင့် တာဝန်ရှိသူများက နွေစပါးစိုက်ပျိုးပြီးစီးမှု၊ နွေစပါး ပန်းတိုင်အထွက်နှုန်းပြည့်မီကျော်လွန် စေရေးအတွက် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ စုပေါင်းကြဲပက် လျက်ရှိသည့် အခြေအနေ၊ နွေစပါး စိုက်ခင်းများအတွင်း ပိုးသတ်ဆေးဖျန်း ပက်လျက်ရှိသည့် အခြေအနေနှင့် လျှပ် စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊တိုင်း ရေ အရင်းအမြစ် အသုံးချရေးဦးစီးမှူး ဦးမြင့်စိုးက ဘားလားဒေသရှိ လယ် မြေများအတွင်း စိုက်ပျိုးရေ လုံလောက် စွာရရှိစေရေးအတွက် လျှပ်စစ်ရေတင် စီမံကိန်းဖြင့် ရေသွင်းစိုက်ပျိုးနိုင်ရေး၊ လက်တံမြောင်းများ ဆောင်ရွက် ပြီးစီးသည့် အခြေအနေ၊ စီမံကိန်းနှင့် ဆက်စပ်လျက်ရှိသည့် Structure များ တည်ဆောက်လျက်ရှိသည့် အခြေ အနေနှင့် စီမံကိန်းအမြန်ဆုံး အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေ အနေများကို လည်းကောင်း၊ တိုင်း စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ဆန်း က ဘားလားဒေသနွေစပါးပန်းတိုင် အထွက်နှုန်းပြည့်မီကျော်လွန်စေရေး အတွက် လျှပ်စစ်ရေတင်စီမံကိန်းဖြင့် စိုက်ပျိုးရေပေးသွင်းဆောင်ရွက်နိုင်သည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေကဘားလားဒေသသည်ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်း စိုပြည်စေရေးဇရိယာအတွင်း တည်ရှိ နေသဖြင့် ဒေသတစ်ခုလုံး အမြဲစိမ်း လန်းစိုပြည်နေစေရေးအတွက် နွေ စပါး၊မိုးစပါး၊ဆောင်းသီးနှံနှင့် ဆီထွက် သီးနှံများ မပြတ် စိုက်ပျိုးသွားကြရန်၊ နွေစပါးတစ်ဧကအထွက်နှုန်းတိုးတက် စေရေးအတွက် စိုက်ပျိုးရေလုံလောက် စွာရရှိစေမည့် နည်းလမ်းမျိုးစုံ အသုံး ပြုဆောင်ရွက်ကြရန်မှာကြားပြီး တင်ပြ ချက်များနှင့် ပတ်သက်၍ လိုအပ်သည် များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေနှင့် အဖွဲ့သည် ရန်ကုန်အမှတ် (၁)၊ အမှတ်(၂)နှင့် အမှတ်(၃) လမ်း တို့ကို ဆက်သွယ်ထားသည့် မြို့ပတ် လမ်းမကြီးပေါ်ရှိ ဘားလား အမှတ်(၂) တံတား တည်ဆောက်ရေး လုပ်ငန်း ခွင်သို့ ရောက်ရှိပြီး အရှည် ၆၅ ပေ၊ အကျယ် ၃၆ ပေရှိ ဘားလား အမှတ်(၂) တံတားတည်ဆောက် ပြီးစီးမှုအခြေအနေ၊ အရှည် ၁၂ မိုင်၊ အကျယ် ၁၈ ပေရှိ မြို့ပတ်လမ်းတွင် ကိုးမိုင် ကတ္တရာခင်းကျင်းပြီးစီးသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တိုင်းအင်ဂျင်နီယာမှူးကြီး ဦးညွန့်မောင် စန်းနှင့် တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်း လင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းမီစွာဖြင့် အမြန်ပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားပြီး တင်ပြ ချက်များနှင့် ပတ်သက်၍ လိုအပ်သည် များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေနှင့် အဖွဲ့သည် လှည်းကူး မြို့နယ် မလစ်ကျေးရွာအုပ်စု အနီးရှိ နွေစပါးအထူးဇုန် ဧက ၅၀၀ သို့ ရောက်ရှိလာပြီး နွေစပါးစိုက်ခင်းများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် အခြေ အနေ၊လယ်မြေပေါင်များတစ်လျှောက် စားပင်သီးနှံများ စိုက်ပျိုးလျက်ရှိသည့် အခြေအနေနှင့် မလစ်လျှပ်စစ်ရေတင် စီမံကိန်းဖြင့် နွေစပါးဧက ၃၀၀ ကို စိုက်ပျိုးရေလုံလောက်စွာ ပေးဝေလျက် ရှိသည့် အခြေအနေများကို ကြည့်ရှု စစ်ဆေးရာ တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ဆန်းနှင့် တာဝန်ရှိသူများက နွေစပါးတစ်ဧကအထွက်နှုန်းတိုးတက် စေရေးဆောင်ရွက်လျက်ရှိသည့် အခြေ အနေများကို ရှင်းလင်း တင်ပြကြ သည်။

ပံ့ပိုးဖြည့်ဆည်းပေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေက နွေစပါးပန်းတိုင်အထွက် နှုန်း ရရှိစေရေး နည်းပညာစိုက်ပျိုး ဆောင်ရွက်ကြရန်နှင့် စိုက်ပျိုးရေ အလေအလွင့်မရှိစေရေး ထိန်းသိမ်း သုံးစွဲကြရန် မှာကြားပြီး တင်ပြချက် များနှင့် ပတ်သက်၍ လိုအပ်သည် များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေနှင့် အဖွဲ့သည် ဆင်ဖုန်ကျေးရွာ အုပ်စုအနီးရှိ လယ်မြေများသို့ စိုက်ပျိုး ရေပေးဝေနိုင်ရန်အတွက် ဆင်ဖုန် လျှပ်စစ်ရေတင်စီမံကိန်းဆောင်ရွက်မည့် နေရာကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်း အမြန်ဆောင်ရွက်နိုင်ရေးစီမံဆောင် ရွက်ကြရန် မှာကြားကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

☆ ရှေ့ဖုံးမှ

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးက သဘာပတိအဖြစ် ဆောင်ရွက်၍ အခမ်း အနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး(၁)ဦးခင်မောင်မြင့်က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိအမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်နှင့် အတွင်းရေးမှူးဦးသောင်းညွန့်တို့က လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးအလှည့်ကျ သဘာပတိ အဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်း အဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

သမိုင်းဝင်ရွှေနံ့သာအောင်ဆုတောင်းပြည့်စေတီတော် မုခ်ဦးတည်ဆောက်ရေးဆွေးနွေးညှိနှိုင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစံပြမြို့သစ် မြသိန်းတန် ပရိယတ္တိစာသင်တိုက်ခွဲ(ဘုရားကြီးကျောင်းတိုက်)အတွင်းရှိ ရွှေနံ့သာအောင် ဆုတောင်းပြည့်စေတီတော် အတွက် ငွေကျပ် ၄၅သိန်းတန်ဖိုး ကုန်ကျမည့် မုခ်ဦးတည်ဆောက်ရေးဆွေးနွေးပွဲကို စာသင်တိုက်ခွဲအတွင်းရှိ လှကမ္ဘာ ကျောင်းဆောင်ခန်းမ၌ ဖေဖော်ဝါရီ၁၄ရက် မွန်းလွဲ၁နာရီခွဲက ကျင်းပသည်။

အခမ်းအနားသို့ မြသိန်းတန်တိုက်ခွဲ ပဓာနနာယက ဆရာတော်ဘဒ္ဒန္တ ဣန္ဒက(ဓမ္မာစရိယ ပါဠိပါရဂူ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီဝင် ဗိုလ်မှူးကြီးတင်စိုး၊ ရေစကြိုမြို့နယ်အသင်း ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ကြီးတင်လှ (ငြိမ်း)၊ ဘုရားကြီးရွှေထီး ဒါယကာ တက်နေကုမ္ပဏီ မိသားစုနှင့် အခြားအလှူရှင်များ တက်ရောက်ကြသည်။ **(က-ပ)**

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ရန်ကုန်-မကွေး လမ်းမပေါ်ရှိ ကိုးပင်အဆင့်မြင့် ယာဉ်ရပ်နားစခန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်စဉ်။ (ဆက်သွယ်ရေး)

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် ဆက်သွယ်ရေးနှင့်ဟိုတယ်လုပ်ငန်းများစစ်ဆေး လုပ်ငန်းများအဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်ရမည့်ကိစ္စရပ်များမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော် ဝါရီ ၁၃ရက် နံနက်ပိုင်းတွင် ရန်ကုန် မြို့မှ ထွက်ခွာရာ ပဲခူးမြို့သို့ရောက်ရှိ၍ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ရွှေဝါထွန်းဟိုတယ်ကို ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီးက ဈေးကွက်မြှင့်တင်ရေးအတွက် ဆောင် ရွက်ရမည့် အစီအမံများ မှာကြားခဲ့ပြီး ဟိုတယ်လုပ်ငန်း စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ လိုအပ်ချက်များ ဖြည့် ဆည်းပေးသည်။

စစ်ဆေး

ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၄ ရက်တွင် တောင်တွင်းကြီးမြို့ မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း အော်တို တယ်လီဖုန်းအိတ်ချိန်းကို ကြည့်ရှု စစ်ဆေးသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မကွေးမြို့သို့ရောက်ရှိ၍ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော် ရွှေနှင့်အတူ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း အော်တိုတယ်လီဖုန်းအိတ် ချိန်းကို ကြည့်ရှုစစ်ဆေးပြီး ဆက်သွယ် ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့ စေရေးမှာကြားသည်။

ဝန်ကြီးသည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော် ရွှေနှင့်အတူ မကွေး-ပြည်လမ်း အပိုင်းတွင် အသစ်ဖောက်လုပ်ပြီးစီး သော မူလလမ်းထက် ၂၆မိုင် ၂ဖာလုံ သက်သာသည့် သစ်ရာကောက်-ကိုး ပင် တိုက်ရိုက်ဖောက်လုပ်သည့် လမ်းသစ်အပိုင်းကို ကြည့်ရှုစစ်ဆေး သည်။ ထို့နောက် ရန်ကုန်-မကွေး လမ်းမ မိုင်တိုင် ၂၅၂၃ ဆုံဆည်းရာ ခရီးသွားလုပ်ငန်းကုမ္ပဏီမှ တည် ဆောက်ပြီးစီးသော ကိုးပင်အဆင့်မြင့် ယာဉ်ရပ်နားစခန်းဖွင့်ပွဲ အခမ်းအနား သို့ တက်ရောက်၍ အဆောက်အအုံ ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါ ယာဉ်ရပ်နားစခန်း အဆင့်အတန်းမြင့်မားစေရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စ ရပ်များကို သက်ဆိုင်ရာတာဝန်ရှိ သူများအား မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ဆက်လက်ထွက်ခွာပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့်အတူ ပေါင်းတည်မြို့၊ နတ်တလင်းမြို့၊ ဇီးကုန်းမြို့၊ ကြို့ပင်ကောက်မြို့၊ သာယာဝတီမြို့တို့ရှိ ဆက်သွယ်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်ပေး ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှိုင်သာယာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့၏အစီအစဉ်ဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်းစုံ ကာယအလှမယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်က ကျင်းပရာ မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စောရွှေက ဆုရသူတစ်ဦးအားဆုချီးမြှင့်စဉ်။ (က-ပ)

ညောင်ကန်အေးသာသနာ့ရိပ်သာ ငွေရတုကျောင်းတော် ဆောက်လုပ်ရေးငွေလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် အင်းစိန် လမ်းမကြီး အမှတ် ၆ ရှိ မဟာစည် ဩဝါဒခံ ညောင်ကန်အေးသာသနာ့ ရိပ်သာ (၂၅)နှစ်ပြည့် ငွေရတုကျောင်း တော် ဆောက်လုပ်ရာတွင် ညောင် ကန်အေးဆရာတော်က မယ်တော်ကြီး ဒေါ်ပွဲဟန်အား ရည်စူး၍ ကျပ် ၁၀၀၀၀၀၊ ပုဇွန်တောင်မြို့နယ် ပိတောက်ပင်လမ်း တပ်မြေအမှတ် ၃ နေ ဦးအောင်မင်း-ဒေါ်အမာကြူ မိသားစုက ကျပ် ၁၀၀၀၀၀၊ ညောင် ကန်အေးယောဂီ ပနားမားဆရာလေး ဒေါ်ဥမ္မာထေရီက ဒုတိယအကြိမ် ကျပ် ၉၀၀၀၀၊ လှိုင်မြို့နယ် စက်မှုရိပ်သာ တိုက် ၂၄၊ အခန်း ၁၄ နေ ဦးအောင် ဘ-ဒေါ်ရွှေထိန် သားသမီးမြေးတစ်စု က ကျပ် ၁၀၀၀၀၀ လှူဒါန်းကြ ကြောင်း သိရသည်။

(က-ပ)

■ **ရှေ့ဖုံးမှ**

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ကော်မရှင်ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်နှင့်တာဝန်ရှိသူများလိုက်ပါ၍ ညနေ ၄နာရီ မိနစ် ၅၀ တွင် အမျိုးသားညီလာခံ ကျင်းပမည့် ပြည်ထောင်စုခန်းမအတွင်း ပြင်ဆင်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ညောင်နှစ်ပင်စခန်းအတွင်းရှိ ဝန်ထမ်းများ စားရိပ်သာ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ အိပ်ဆောင်များ၊ အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအရောင်းဆိုင်များ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝင်းသူဇာ အရောင်းဆိုင်၊မောင်ချစ်စတိုး အပ်ချုပ်ဆိုင်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာအုပ်အငှားဆိုင်၊ Mon Mon's Beauty Salon၊ မြန်မာ့မျက်မှန်လုပ်ငန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဆက်သွယ်ရေးစခန်း အမှတ်(၁)၊ ဖျော်ဖြေရေး အစီအစဉ်များ တင်ဆက်ဖျော်ဖြေမည့် ကဇာတ်ရုံ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန စားသောက်ကုန်အရောင်းဆိုင်၊ ကောင်းစံအိမ် ဒိုဘီလုပ်ငန်း၊ ပဒေသာစားသောက်ဆိုင်၊ ဝင်းသူဇာစားသောက်ဆိုင်၊T.M Store၊ လပ်ကီးဝမ်းစားသောက်ဆိုင်၊ ဆံသဆိုင်၊ အားကစား ခန်းမနှင့် ညောင်နှစ်ပင်တိုက်နယ်ဆေးရုံတို့၌ အမျိုးသားညီလာခံကိုယ်စားလှယ်များအတွက် စားသောက်ရေး၊ ဖျော်ဖြေရေး၊ သက်သာချောင်ချိရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ယင်းသို့ လိုက်လံစစ်ဆေးစဉ် အမျိုးသားညီလာခံကိုယ်စားလှယ်များနှင့် တွေ့ဆုံရာ၌ ညီလာခံကိုယ်စားလှယ်များ အနေဖြင့် မိမိတို့ ကျန်းမာရေးကို ဂရုပြုကြရေး၊ အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပပြီးစီးရေးတို့အတွက် ဝိုင်းဝန်းစုပေါင်း ဆောင်ရွက်ကြရေး မှာကြားသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံကျင်းပမည့် ပြည်ထောင်စုခန်းမအတွင်း ပြင်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

● **ကျောဖုံးမှ**

ဒေါ်ခင်ခင်နှင်းနှင့် မော်လိုက်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်ခင်ဥတို့ကဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မော်လိုက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဒေါ်စန္ဒာသိန်းက ဆောင်ရွက်၍ တွဲဖက်အခမ်းအနားမှူးအဖြစ် ဖောင်းပြင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဒေါ်ခင်မျိုးထွန်းက ဆောင်ရွက်သည်။

ရှေးဦးစွာ နိုင်ငံတော်အလံအား အလေးပြုကြပြီး ကင်းတပ်ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် မျိုးဆက်သစ်လူငယ်မောင်မယ်များက **'ရာသက်ပန်ပြည်ထောင်စု'** သီချင်းဖြင့် သီဆိုဂုဏ်ပြု၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် သဘာပတိ မော်လိုက်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရဲဝင်းဦးက အဖွင့်အမှာစကားပြောကြားသည်။

ထောက်ခံဆွေးနွေး

ဆက်လက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ မော်လိုက်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါက်တာဒေါ်နီနီက လည်းကောင်း၊ အမျိုးသားညီလာခံ အားဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ မော်လိုက်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ခင်ခင်စန်းကလည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ထောက်ခံခြင်းနှင့်စပ်လျဉ်း၍ ဖောင်းပြင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသောင်းထိုက်ကလည်းကောင်း တင်သွင်းကြပြီး မော်လိုက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဦးဝင်းခိုင်က ထောက်ခံဆွေးနွေးသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေများလှူဒါန်းကြရာ မော်လိုက်မြို့နယ် လောသာကျေးရွာပြည်သူများက ငွေကျပ် ၁၅၀၀၀၀၊ ကျေးလက်ဒေသ စာကြည့်တိုက်များအတွက် ဌာနဆိုင်ရာများနှင့် ပြည်သူလူထုက ငွေကျပ် သုံးသိန်းဖိုးရှိ ဂျာနယ်၊မဂ္ဂဇင်း၊ စာအုပ်စာတမ်းများ၊ ဖောင်းပြင်မြို့နယ် အုန်းသာကျေးရွာ ရေအားလျှပ်စစ်တည်ဆောက်ရေးလုပ်ငန်း၊ ဖောင်းပြင်မြို့နယ် လွင်ကြီးကျေးရွာ ကျေးလက်စာကြည့်တိုက်၊ မော်လိုက်မြို့နယ် တောင်းအင်ကျေးရွာ ကျေးလက်စာကြည့်တိုက်တို့အတွက် မော်လိုက်ခရိုင် ရေယာဉ်အသင်းများက ငွေကျပ်သုံးသိန်း၊ မော်လိုက်မြို့နယ် မန်နွဲကျေးရွာ စာကြည့်တိုက် အဆောက်အအုံအတွက် ဌာနဆိုင်ရာနှင့်ပြည်သူလူထုက ငွေကျပ်သိန်း ၂၀၊ မော်လိုက်မြို့နယ် ကင်းတပ်ရွာ ကျေးလက်ဖွံ့ဖြိုးရေးအတွက် အလှူရှင် ဦးသာဆင့်မိသားစုက အလှူငွေကျပ် ၁၁၀၀၀၀၊ ဖောင်းပြင် မြို့နယ် မောက်စဖာကျေးရွာ မြစ်ကမ်းပါး ချင်းတွင်းမြစ်ရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်းအတွက် ဌာနဆိုင်ရာနှင့် ပြည်သူလူထုက ငွေကျပ်လေးသိန်း၊ အုန်းသာကျေးရွာ ရေအားလျှပ်စစ်တည်ဆောက်ရေးလုပ်ငန်းနှင့် ကျေးလက်စာကြည့်တိုက် အဆောက်အအုံအတွက် အုန်းသာကျေးရွာ ပြည်သူလူထုက ငွေကျပ် ၃၅ သိန်း၊ ဖောင်းပြင်မြို့နယ် လွင်ကြီးရွာ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ဌာနဆိုင်ရာနှင့်ပြည်သူလူထုက ငွေကျပ်သိန်း ၄၀ တို့ကို တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းကြသည်။

သဘောတူထောက်ခံ

ဆက်လက်၍ သဘာပတိက အဆိုသုံးရပ်နှင့်စပ်လျဉ်း၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထု၏ သဘောထားကိုရယူရာ ပြည်သူလူထုက သဘောတူထောက်ခံကြောင်း တစ်ခဲနက် ဆန္ဒပြုကြသည်။

ထို့နောက် မျိုးဆက်သစ်ကျောင်းသား ကျောင်းသူလူငယ်များက **'ပြည်မြန်မာ'** သီချင်းဖြင့် သီဆိုဂုဏ်ပြုပြီး ကြွေးကြော်သံများဖြင့် အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်းဟင်းသီးဟင်းရွက် သစ်သီးဝလံပန်းမန်ပြပွဲဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဧရာဝတီတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းကစီစဉ်ကျင်းပသည့် (၅၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ၁၃ ရက် နံနက် ၈ နာရီက ပုသိမ်မြို့ ကန်သာယာပန်းဥယျာဉ်တွင်ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီး ဒေါ်တင်တင်လတ်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်နှင့် ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေး ဝါသနာရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်အားပေးကြသည်။

အစီအစဉ်အရ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးတင်အောင်ဝင်းက သစ်သီးဝလံနှင့်ပန်းမန်ပြပွဲ၊ ပြိုင်ပွဲအမှတ်ပေး စည်းကမ်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆုများကို ပေးအပ်ချီးမြှင့်ရာ ပန်းအလှပြင်ဆင်ရေးနှင့် နှစ်ရှည်ပင်(အသီးပါ) (ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိသူများအား တိုင်းမှူး၏ ဇနီးက လည်းကောင်း၊ သစ်ခွပင်ပြိုင်ပွဲနှင့် ပရဆေးအုပ်စုပင်ပြိုင်ပွဲ ဆုရရှိသူများအား ဒုတိယတိုင်းမှူးက လည်းကောင်း၊ ရာသီပန်းပင်နှင့်ဟင်းသီးဟင်းရွက် သစ်သီးဝလံအုပ်စု ပြိုင်ပွဲ ဆုရရှိသူများအား တိုင်းအတွင်းရေးမှူးနှင့် တာဝန်ရှိသူများကလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ၁၅ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက် လူငယ့်ရိပ်သာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် အရှည်တည်တံ့ရေးအထောက်အကူပြု ဆွေးနွေးပွဲကို စာကြည့်တိုက်ခန်းမဆောင်တွင်ပြုလုပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးချစ်ကိုကို၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မြမြနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးစန်းလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

အရှင်အာစာရာလင်္ကာရ(ကိုးဘွဲ့ရ)တရားပွဲများ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာတိုက်သစ် ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ ဓမ္မကထိက ဆရာတော်အရှင်အာစာရာလင်္ကာရ အရှင်မြတ်သည် ဖေဖော်ဝါရီ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ညောင်တုန်းမြို့ သုဓမ္မာစာပြန်ပွဲ၊ ၁၉ ရက်တွင် ပုဇွန်တောင် ဘုရားဖြူစာပြန်ပွဲ၊ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် လက်ပံတန်းမြို့ ခမုံဆိပ် တကောင်းရပ် ထေရဝါဒပွဲ၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ပြည်မြို့ အရဏ်ဆွမ်းလောင်းအသင်း ဗဟိုဓမ္မသဘင်၊ ၂၄ ရက်တွင် အင်းစိန် အောင်ဆန်းမြို့ မလွန်ဆန်လှူပွဲ၊ ၂၅ ရက်တွင် မအူပင်မြို့နယ် သံဖြူချောင်ရွာ၊ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ကော့မှူး မဆယ်ဆိပ်ရွာ၊ ၂၈ ရက်နှင့် မတ် ၁ ရက်တို့တွင် ကော့မှူး လာဝတီရွာ၌ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ပုသိမ်အသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ၆ ရက်က ရွှေတိဂုံအရှေ့ကြားတောရ လမ်းရှိ ဧရာဝတီတိုင်း ဓမ္မာရုံ၌ကျင်းပရာ အသင်းအတွင်းရေးမှူး ဦးစိုးဟန်လင်းက ပညာရည်ချွန်ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (က-ပ)

အနေးယာဉ်စီးနင်းသူများလိုက်နာရန်

ရန်ကုန်မြို့တော်အတွင်း စည်းကမ်းမဲ့ အနေးယာဉ်များကြောင့် ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပွားသည်ကို တွေ့ရှိရပါသည်။ သို့ပါ၍ အနေးယာဉ်များ (ဆိုက်ကား၊စက်ဘီး၊ဂါလီနှင့် လက်တွန်းလှည်းအမျိုးမျိုး) အနေဖြင့် အောက်ပါစည်းကမ်းချက်များကို လိုက်နာကြပါရန်နှင့် လိုက်နာမှုမရှိပါက ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်-

(၁) ကန့်သတ်တားမြစ်ထားသော မဝင်ရလမ်းများတွင် စီးနင်းခြင်း မပြုရ။
(၂) လမ်းပြောင်းပြန်စီးနင်းခြင်း မပြုရ။
(၃) လမ်းလယ်မှ စီးနင်းခြင်းမပြုရ။
(၄) ညအချိန်ရောင်ပြန်မပါဘဲ စီးနင်းခြင်းမပြုရ။
(၅) သတ်မှတ်ပေးထားသည့် ဝန်ထက်ပို၍ တင်ဆောင်ခြင်း မပြုရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

■ ကျောဖုံးမှ

ယင်းနောက် နဂျပ်ရေလွှဲဆည်သို့ ရောက်ရှိကြရာ ရေတာရှည်မြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးထွန်းကျော်က ဆည်နှင့်စပ်လျဉ်းသည့်အချက်အလက်များ၊ မိချောင်းအိုင်၊ စီပိုင်း၊ ပိတောက်ကုန်းနှင့် နဂျပ်ကျေးရွာအုပ်စုများ၌ နွေစပါး ချောင်းပိတ် မြောင်းပိတ်လုပ်ငန်းဖြင့် ဧက ၁၇၅၀ စိုက်ပျိုးရန်ဆောင်ရွက်မှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဒေသခံတောင်သူများက ဖြည့်စွက်တင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ဆည်တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

နဂျပ်ရေလွှဲဆည်သည် မြေသားဆည်ဖြစ်ပြီး ဒေသခံပြည်သူများထည့်ဝင်ငွေကျပ်သိန်း ၂၀ အပါအဝင် နိုင်ငံတော်က ငွေကျပ် ၆၅ သိန်း အကုန်အကျခံကာ ကျောက်ဖြည့်ဆည်အဖြစ် အမာခံတည်ဆောက်သွားမည်ဖြစ်ရာ ယခုနှစ်မှစ၍ နွေစပါးဧက ၂၀၀ ကို ရေပေးဝေနိုင်မည့်အပြင် မိုးစပါးအောင်ရေကိုပါပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်က စစ်တောင်းမြစ်အရှေ့ဘက်ခြမ်း တောင်ငူမြို့နယ် ထုံးဘိုကြီးကျေးရွာမှ ရေတာရှည်မြို့နယ် သစ်ကြိမ်းကျေးရွာအထိ မြို့နယ်ချင်းဆက် မြေသားလမ်းဖောက်လုပ်နေမှုအခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကိုရှင်းလင်းတင်ပြသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက စစ်တောင်းမြစ်အရှေ့ဘက်ခြမ်းတွင် ထန်းတပင်မှ တောင်ဘက်သို့ စစ်တောင်းတံတားအထိ ရာသီမရွေးသွားလာနိုင်သော ကျောက်ခင်းလမ်း တောက်လျှောက်ရှိနေသော်လည်း ထန်းတပင်မှ မြောက်ဘက်သို့ ပျဉ်းမနားနယ်မြေအထိ စစ်တောင်းမြစ် အရှေ့ဘက်ကမ်းတစ်လျှောက်တွင် ကားလမ်းမရှိသဖြင့် အဆိုပါနယ်မြေများ၏ တိုးတက်ဖွံ့ဖြိုးမှုများ နောက်ကျနေရကြောင်း၊ ထို့ကြောင့် အဆိုပါဒေသရှိ ကျေးလက်နေပြည်သူများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဤလမ်းကိုဖောက်ရခြင်းဖြစ်သဖြင့် ဤလမ်းကို မြေသားလမ်းမှရာသီမရွေး သွားလာနိုင်သော ကျောက်ခင်းလမ်း အဆင့် ကားလမ်းဖြစ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၁၇)၌ အကျယ်ပေ၃၀ လမ်းချဲ့ပြီးစီးမှု အခြေအနေကိုကြည့်ရှုစစ်ဆေးကြသည်။

ထုံးဘိုကြီး-သစ်ကြိမ်းစစ်တောင်းမြစ်အရှေ့ဘက်ခြမ်း မြေသားလမ်းမှာ ၃၃ မိုင် ၆ ဖာလုံရှိရာ အကျယ် ၁၈ ပေ တစ်ကြောင်းထိုးလမ်း ရာခိုင်နှုန်းပြည့်ပြီးစီးနေပြီဖြစ်သည်။ အကျယ်ပေ၃၀ လမ်းချဲ့ခြင်း ၂၄ မိုင် ၆ ဖာလုံပြီးစီးနေပြီး အားလုံးပြီးစီးရေးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ရေနီအမှတ်(၂)စက္ကူစက်ရုံသို့ရောက်ရှိကြရာ စက်ရုံမှူးဦးမျိုးမောင်က စက်ရုံ၏သမိုင်း၊ တည်နေရာ၊ အကျယ်အဝန်း၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်ထုတ်လုပ်မှု၊ ကုန်ချောဖြန့်ဖြူးရောင်းချမှု၊ ကုန်ကြမ်းပစ္စည်းရရှိမှု၊ စီမံကိန်းသစ်များဆောင်ရွက်မှုနှင့် ဝန်ထမ်းအင်အား အခြေအနေများကိုရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကိုမှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ရေနီ အမှတ်(၂) စက္ကူစက်ရုံမှ ၂၀၀၄-၂၀၀၅ ခုနှစ် ကုန်ထုတ်လုပ်မှုမှာ ဘိလပ်မြေအိတ်စက္ကူ ၃၂၀၂ တန်နှင့် သစ်ပျော့ဖတ်တန် ၁၁၉၀ ဖြစ်ကြောင်း သိရသည်။

တွေ့ဆုံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ရေနီမြို့ရှိ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြပြီး တပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်မိသားစုဝင်များနှင့် တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုးစေမည့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ကြရေးမှာကြားပြီး တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ဆပ်သွားကျေးရွာအနီးရှိ ဒဂုန်အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် ရှင်းလင်းဆောင်သို့ရောက်ရှိကြသည်။

ထို့နောက် စီမံကိန်းဒါရိုက်တာ ဦးသန်းရှိန်က ရေတာရှည်-ပျဉ်းမနားလမ်းအပိုင်းတွင် လမ်းအူကြောင်း တိုင်းတာခြင်း၊ မျက်နှာပြင်ညှိခြင်း၊ လမ်းချဲ့ခြင်း၊ လမ်းခင်းခြင်း၊ ကျောက်လွှာတင်ခြင်းနှင့် ကျောက်စုဆောင်းရရှိမှု၊ လုပ်ငန်းသုံးပစ္စည်းရရှိမှု၊ သုံးစွဲမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဂရုပြုဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တိုးချဲ့ပြုပြင်ပြီးစီးသည့်လမ်းပိုင်း ပျက်စီးယိုယွင်းမှုမရှိစေရန် လမ်းကြံ့ခိုင်မှုထိန်းသိမ်းရေး ဂရုပြုဆောင်ရွက်ကြရန်မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကုန်းကြီးကျေးရွာအနီး၌ ဆွာချောင်းတမံမှ ဆည်ရေဖြင့်စိုက်ပျိုးထားသော မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ နွေစပါးစမ်းသပ်စံပြစိုက်ကွက်သို့ ရောက်ရှိကြပြီး စမ်းသပ်ကွက်၊ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်၊ စိုက်စနစ်စမ်းသပ်ကွက်နှင့် ဒေသခံတို့မှ ဆည်ရေဖြင့်ပတ်ဝန်းကျင် တစ်မျှော်တစ်ခေါ်စိုက်ပျိုးထားသော နွေစပါးစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ ပဲခူးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တိုင်းမန်နေဂျာ ဦးဝင်းမောင်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

နှုတ်ဆက်အားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက နွေစပါးမျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေးနှင့် ဆည်ရေ၊ ချောင်းပိတ်မြောင်းပိတ်မှရရှိသောရေဖြင့် စိုက်ဧကတိုးချဲ့ စိုက်ပျိုးရေးမှာကြားပြီး တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

၂၀၀၄-၂၀၀၅ခုနှစ်တွင် နွေစပါးစိုက်ပျိုးမှုမှာ ရေတာရှည်မြို့နယ်၌ လျာထားဧက ၁၅၂၈၀ ဖြစ်ပြီး စိုက်ပျိုးပြီးစီးမှုဧက ၁၆၄၄၉ အထိ ကျော်လွန်စိုက်ပျိုးနိုင်ကြောင်းနှင့် ပဲခူးတိုင်း တစ်တိုင်းလုံး၌ လျာထားဧက သုံးသိန်းဖြစ်ကာ စိုက်ပျိုးပြီးစီးမှု ဧက နှစ်သိန်းကျော်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မြန်မာ့ကြံလုပ်ငန်း အမှတ်(၆)သကြားစက်(ရေတာရှည်)သို့ ရောက်ရှိကြပြီး နမူနာပြသထားသော မျိုးကောင်း မျိုးသန့် ချက်ကြံများနှင့် စက်ရုံအတွင်း သကြားထုတ်လုပ်မှုတို့ကို လှည့်လည်ကြည့်ရှုကြရာ စက်ရုံမှူး ဦးသောင်းထွန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

အမှတ်(၆) သကြားစက်(ရေတာရှည်)၏ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ကြိတ်ဝါးကြံတန်ချိန်မှာ ၉၀၁၅၈တန်ဖြစ်ပြီး သကြားထုတ်လုပ်မှု တန်ချိန်မှာ ၇၃၉၃ ဒသမ ၀၅ တန်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မဟာဝိဇယစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မဟာဝိဇယစေတီတော်မြတ်ကြီး၏ အကြိမ်(၂၀)မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို တပို့တွဲလဆန်း ၁၄ ရက်မှ တပို့တွဲလပြည့်ကျော် ၁ ရက် (ဖေဖော်ဝါရီ ၂၂ ရက်မှ ဖေဖော်ဝါရီ ၂၄ ရက်)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ဆက်ကပ်လှူဒါန်း

ဗုဒ္ဓပူဇာအနေဖြင့် ဖေဖော်ဝါရီ ၂၂ ရက် ညနေပိုင်းတွင် စေတီတော်မြတ်ကြီးအား ပန်းမျိုးစုံဖြင့် ပူဇော်မည်ဖြစ်ပြီး ဖေဖော်ဝါရီ၂၃ ရက် နံနက် ၅ နာရီတွင် ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းပူဇော်မည်ဖြစ်သည်။ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၅ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများနှင့် စေတီတော်ကြီး၏ ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများက စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ ကျင်းပမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ ညစဉ် စေတီတော်ကြီးကို သုံးရက်တိုင်တိုင် ဆီမီး ၅၀၀၀ ထွန်းညှိ၍ ပူဇော်မည်ဖြစ်သည်။

ရွတ်ဖတ်ပူဇော်

ဓမ္မပူဇာအနေဖြင့် ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ ဆရာတော်များက နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို သုံးညတိုင်တိုင် ညစဉ် ၇ နာရီမှစ၍ဟောကြားမည်ဖြစ်ပြီး နေ့စဉ်နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဝတ်အသင်း ၁၉ သင်းတို့က ပရိတ်တရားတော်များနှင့် ဗုဒ္ဓဒေသနာတော်များကို သုံးရက်ဆက်တိုက် ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

နွားထိုးကြီးမြို့နယ်မိသားစု သက်ကြီးများပူဇော်ကြမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်မြို့ရောက် နွားထိုးကြီးမြို့နယ်သူ မြို့နယ်သားများ စုပေါင်း၍ ဆရာတော်ကြီးများနှင့်သက်ကြီးများပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်း ၃လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းထောင့်ရှိ သံယုတ်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

နွားထိုးကြီးမြို့နယ် မိသားစုများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပူဇော်ကြရန်နှင့် အသက် ၇၅နှစ်ပြည့်ပြီးသူများကို စာရင်းနှင့် တကွ အလှူငွေများထည့်ဝင်လိုသူများသည် အကျိုးဆောင် ဦးအောင်ကြည် ဖုန်း-၂၂၂၂၆၄၊ ဦးသန်း ဖုန်း-၅၄၅၇၈၁နှင့် ဦးအောင်ငွေ ဖုန်း-၂၅၃၉၆၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဖေဖော်ဝါရီ ၂ ရက်က ရန်ကုန်အနောက် ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော နယ်လှည့် စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင်ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ကိုနှင့် ကျောင်းအုပ်ဆရာကြီးဦးကျော်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နှစ်ပတ်လည်အသင်းသားစုံညီညီလာခံကို ဖေဖော်ဝါရီ ၅ရက်တွင် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ MICT Parkရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာစိန်မြင့်နှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီများ၊ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ကော်မတီဝင်များ၊ အသင်းဝင်များ၊ ဖိတ်ကြားထားသောအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညီလာခံ ပထမပိုင်းကို စတင်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနာယက ဦးကျော်တင်က ဆောင်ရွက်ပြီး သဘာပတိက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့်က အမှာစကား ပြောကြားသည်။

အတည်ပြု

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏အစီရင်ခံစာကိုအထွေထွေအတွင်းရေးမှူး ဦးသန်းမြင့်ကလည်းကောင်း၊ ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်းက လည်းကောင်း ဖတ်ကြားတင်သွင်းကြပြီး ဗဟိုအလုပ်အမှုဆောင် ကော်မတီ၏အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို အတည်ပြုကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ဖွဲ့စည်းပုံကို ပြင်ဆင်ရန်အတွက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီကိုယ်စား အထွေထွေအတွင်းရေးမှူး ဦးသန်းမြင့်က တင်ပြရာ တက်ရောက်လာကြသူများ၏ သဘောတူညီချက်အရ ဖွဲ့စည်းပုံပြင်ဆင်ချက်ကို အတည်ပြုပြီး ညီလာခံပထမပိုင်းကို နံနက်ပိုင်းတွင် ခေတ္တရပ်နားသည်။

ဖတ်ကြားကြေညာ

ယင်းနောက် ညီလာခံသို့ တက်ရောက်လာကြသော အသင်းဝင်များက ဗဟိုကော်မတီအသစ်ကို ရွေးချယ်တင်မြှောက်ကြပြီး ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗဟိုကော်မတီအသစ် အမည်စာရင်းကို ဖတ်ကြားကြေညာသည်။ ထို့နောက် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗဟိုကော်မတီဝင်များက ကတိသစ္စာ ခံယူကြသည်။

ဆက်လက်၍ ဥက္ကဋ္ဌဦးသန်းမြင့်နှင့် အထွေထွေအတွင်းရေးမှူး ဦးဝင်းခိုင်တို့ ပါဝင်သော ဗဟိုအလုပ်အမှုဆောင် ကော်မတီကို ရွေးချယ်တင်မြှောက်ကြပြီး အခမ်းအနားကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ဖေဖော်ဝါရီ ၁၆ ရက်က ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ပြည်သူ့လူထုအခြေပြု စိတ်ကျန်းမာရေး သုတေသနဆန်းစစ်လေ့လာခြင်းနှင့် စောင့်ရှောက်ခြင်းလုပ်ငန်း ရှင်းလင်းပွဲနှင့် အလှူငွေပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဝေနေယျသုခရေချမ်းစင်အသင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်စာစောင်အတွက် စာမူများပေးပို့နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်မြို့ ဝေနေယျသုခရေချမ်းစင်အသင်းသည် ၁၃၆၇ ခုနှစ် ကဆုန်လပြည့်နေ့တွင် နှစ် ၁၀၀ တင်းတင်းပြည့်မြောက်မည်ဖြစ်သည်။ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်စာစောင်ကို ဓာတ်ပုံများ၊ ဝတ္ထုများ၊ ဆောင်းပါးများ၊ ကဗျာများနှင့် မှတ်တမ်းမှတ်ရာများကို ဝေဝေဆာဆာထုတ်ဝေရန်စီစဉ်လျက်ရှိသည်။ ရေချမ်းစင်နှင့် ရေအလှူ၊ ဆုမတောင်းဘဲပြည့်သော ရေအကျိုးဆယ်ပါးနှင့် စပ်လျဉ်း၍ ရေကုသိုလ်ဆိုင်ရာ ဝတ္ထု၊ဆောင်းပါး၊ကဗျာများကို ဧပြီ ၃၀ ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ကြသည်။ စာမူများကို ရန်ကုန်မြို့ ဝေနေယျသုခ ရေချမ်းစင်အသင်း ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ သောကြာထောင့် မြောက်ဘက်မုခ်စောင်းတန်းအနီး ဝေနေယျသုခဓမ္မာရုံ ဖုန်း-၃၈၁၇၃၆၊ ၃၈၃၅၁၁ (လိုင်းခွဲ) ၁၇၁တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဇန်နဝါရီ ၂၉ရက်က မရမ်းကုန်းမြို့နယ် အမှတ်(၆)ရပ်ကွက်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်ဦးစီးဌာနမှူး ဦးကိုကိုသော်က နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်စဉ်။ (၄၂၁)

စုပေါင်းကာကွယ် မီးဘေးအန္တရာယ်

လယ်ယာထွက်ကုန်သီးနှံများပြည်ပဈေးကွက်တင်ပို့နိုင်ရေး လုပ်ငန်းရှင်များအား ဝန်ကြီးဌာနများကကူညီဆောင်ရွက်ပေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

လယ်ယာထွက်ကုန်သီးနှံများ တိုးတက်တင်ပို့နိုင်ရေးညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း သီရိမင်္ဂလာရိပ်သာလမ်းသွယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်းတို့မှ တာဝန်ရှိသူများ၊ မြေယာလုပ်ကိုင်ခွင့်ရယူထားသည့် ကုမ္ပဏီနှင့်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အားပေးကူညီမည်

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများအား ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော နိုင်ငံဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက် မြင့်မားစေမည့် အခြေခံကောင်းများလည်းရှိကြောင်း၊ မိမိဝန်ကြီးဌာနအနေနှင့် ပြည်တွင်းစားသုံးမှုဖူလုံစေရန်နှင့် ပိုလျှံစွာထုတ်လုပ်နိုင်ရေးရည်မှန်းချက်ထား၍ ဆောင်ရွက်နေကြောင်း၊ ရာသီသီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ၊ အမယ်သစ်သီးနှံများ တိုးတက်မြင့်မားအောင် ထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ရေးအတွက် ဒေသခံတောင်သူများနှင့် လုပ်ငန်းရှင်များအား အားပေးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာနနှစ်ခုပူးပေါင်း၍ နိုင်ငံသားများ၏ လူမှုစီးပွားတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စိုက်ဧကတိုးတက်ရေး၊ ဈေးကွက်ဝင်သီးနှံများတိုးတက် စိုက်ပျိုးရေးအတွက် နည်းပညာနှင့် လိုအပ်သည်များပံ့ပိုးရေး၊ စိုက်စရိတ်ကျဆင်းရေး၊ လေလွင့်ဆုံးရှုံးမှုနည်း ပါးရေးအတွက် မိမိဝန်ကြီးဌာနမှ ပံ့ပိုး ကူညီသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်သည့် ထုတ်ကုန်များကိုလည်း နိုင်ငံတကာဈေးကွက်သို့တင်ပို့ရာတွင် အခက်အခဲမရှိစေရေးအတွက်ကိုလည်း သတ်မှတ်ထားသည့်လုပ်ထုံးလုပ်နည်းများနှင့်အညီ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးလျက်ရှိနေကြောင်း၊ ယခုညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်လာကြသည့် စိုက်ပျိုးထုတ်လုပ်သူလုပ်ငန်းရှင်ကြီးများအနေနှင့် လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ရေး အတွက် အားပေးကူညီသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက အမှာစကားပြောကြားရာတွင် ယခင်က မစိုက်ပျိုးခဲ့သည့် မြေယာသစ်များမှ စိုက်ပျိုးထုတ်လုပ်ထွက်ရှိသည့်သီးနှံများကို ပြည်ပတင်ပို့ခွင့် ပြုမည်ဖြစ်ကြောင်း၊ လက်ရှိအားဖြင့် နိုင်ငံတွင် တည်ဆောက်ပြီး ဆည်စုအဖွဲ့များ၏ အကျိုးကြောင့် ပေါ်ထွက်လာသော မြေယာများတွင် ကြက်သွန် စိုက်ပျိုးထုတ်လုပ်နေကြကြောင်း၊ နိုင်ငံတော်မှ ပဲမျိုးစုံပို့ကုန်သာမက ယခုအခါ ဆီး၊ ကြက်ဆူ၊ ငရုတ်၊ သရက်၊ ရော်ဘာစသည့် အမျိုးအမည်များစွာ အမယ်သစ် သီးနှံများစွာရှိနေပြီဖြစ်၍ ဈေးကွက်ကိုသိရှိနားလည်အောင် စိုက်ပျိုးထုတ်လုပ်သူနှင့် ဝယ်ယူသူများအား မိမိတို့ဝန်ကြီးဌာနက ဆက်စပ်ကူညီဝန်ဆောင်မှုပေးမည် ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက ပြည်တွင်း ပြည်ပဈေးကွက်ဝင် သီးနှံအမယ်သစ်များကို ရှင်းလင်းပြောကြားပြီး ပို့ကုန်အရည်အသွေး တန်ဖိုးမြင့်လာအောင် ရိတ်သိမ်းခြွေလှေ့၊ ထုပ်ပိုး၊ သိုလှောင်မှု၊ နည်းပညာပိုင်းဆိုင်ရာလိုအပ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသောကုမ္ပဏီနှင့်ပုဂ္ဂလိကလုပ်ငန်းရှင်များက စိုက်ပျိုးထုတ်လုပ်မှုအခြေအနေနှင့် မြေယာလုပ်ကိုင်ခွင့်ကိစ္စများကို တင်ပြကြရာ သက်ဆိုင်ရာလုပ်ငန်းဌာန ညွှန်ကြားရေးမှူးချုပ်များက မြေလွတ်၊ မြေလပ်တည်ရှိမှုနှင့် ဒေသနှင့်ကိုက်ညီသော အကျိုးအရှိဆုံးသီးနှံပုံစံစိုက်ပျိုးနိုင်ရေးအတွက် ဝန်ကြီးဌာနနှစ်ခု ပူးပေါင်း၍ ကွင်းဆင်းကူညီဆောင်ရွက်ပေးရန် စီစဉ်ထားမှုများကို ရှင်းလင်းပြောကြားကြသည်။ ယင်းနောက် ဝန်ကြီးဗိုလ်ချုပ်ထွေးဦးက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ၁၆ရက်ကသမဝါယမဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း မရမ်းကုန်းမြို့နယ် သန့်စင်လမ်းရှိ မြန်မာတီထွင်သူများ သမဝါယမအသင်း၏ စပါးခွံဓာတ်ငွေ့ ထုတ်စက်နှင့် စပါးခွံဓာတ်ငွေ့ဖြင့် အင်ဂျင်များ မောင်းနှင်နိုင်မှုကို ကြည့်ရှုစစ်ဆေးရာ မြင်းကောင်ရေ ၁၄၀၀ရှိ ဟန်ရှင်းမရိန်း ဒီဇယ်အင်ဂျင်ကြီးအား စပါးခွံဓာတ်ငွေ့ဖြင့် အောင်မြင်စွာ လည်ပတ်မောင်းနှင်နိုင်မှုကို အသင်းဥက္ကဋ္ဌ ဦးစိုးတင့်အောင်က ရှင်းလင်း တင်ပြစဉ်။ (သမဝါယမ)

ရောဝတ် ပရိယတ္တိစာသင်တိုက်ဆရာတော် ဝိဇာတမင်္ဂလာနှင့်စာတော်ပြန်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်း သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက်ရှိ ရောဝတ် ပရိယတ္တိစာသင်တိုက် ပဓာနနာယက သက်တော်(၇၂)နှစ်၊သိက္ခာတော်(၅၃)ဝါရှိ ဆရာတော် ဘဒ္ဒန္တဥာဏိကာလင်္ကာရ၏ ဝိဇာတမင်္ဂလာနှင့်ရောဝတ် ပရိယတ္တိစာသင်တိုက်၏(၂၅)ကြိမ်မြောက် ပရိယတ္တိစာတော်ပြန်ပွဲကို ဖေဖော်ဝါရီ ၁၈ရက်မှ ၂၁ရက်အထိ အဆိုပါစာသင်တိုက်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုက်ကြီးမြို့နယ် ကလော့သော့ကျေးရွာအုပ်စု ကလော့သော့ကျေးရွာ ကိုယ့်အားကိုယ်ကိုးတံတား ဆောက်လုပ်ရန် ကျေးရွာနေ ဦးထွန်းလှိုင်–ဒေါ်ဖွား၊ ဦးဘိုးလင်း –ဒေါ်သဲအူ၊ မောင်ရွှေဘော်–ဒေါ်မြမေတို့၏သားသမီးမြေးများက မတည် လှူဒါန်းငွေကျပ်ရှစ်သိန်းကို အလှူရှင်များကိုယ်စား ဦးသိန်းဟန်က ရွာဦးသီရိဇေယျာကျောင်းတိုက်၌ ဖေဖော်ဝါရီ၁၂ရက်က လှူဒါန်းရာ တံတားဖြစ်မြောက်ရေး အလုပ်အမှုဆောင် ဦးအုန်းကြိုင်၊ ဦးလှဝနှင့်ဦးအောင်ချစ်တို့က လက်ခံယူကြစဉ်။ (က–ပ)

အဘိဓမ္မာသင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၌ ဖေဖော်ဝါရီ ၁၉ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် အဘိဓမ္မာ ဋီကာကျော် ဝိသုဒ္ဓိမဂ်နှင့် ပဋ္ဌာန်းပဥ္စာဝါရသင်တန်းများကို သင်တန်းဆရာမကြီး ဒေါ်တင်ရီက သင်ကြားပို့ချမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ **(က–ပ)**

တရားစခန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

တောင်ဥက္ကလာပမြို့နယ် ၁၄/၂ ရပ်ကွက် ဇင်ယော်လမ်း သဒ္ဓမ္မပါလ ဓနုဖြူတိုက်သစ်ကျောင်း၌ (၁၅)ကြိမ်မြောက် ဝိပဿနာ ခုနစ်ရက် တရားစခန်းကို ဖေဖော်ဝါရီ၂၁ရက်မှ ၂၇ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် သစ္စာဒီပက ဆရာကြီးဦးကြည်၏ ဥပနိဿယအတိုင်း ကျောင်းတိုက်၏ ပဓာននာယကကမ္မဋ္ဌာနာစရိယ ဆရာတော်အရှင်သာသနက ဓမ္မာနုပဿနာသတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းကို ဝင်ရောက်ရန် စာရင်းပေးထားသူယောဂီများ ဖေဖော်ဝါရီ၂၀ရက် ညနေ ၆နာရီ အရောက် လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

၂၀၀၄ ခုနှစ်အတွင်း ဖမ်းဆီးရမိမူးယစ်ဆေးဝါးအမှုများ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

၂၀၀၄ခုနှစ် အတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန် ဦးစီးဌာနတို့မှ မူးယစ်ဆေးဝါးအမှုပေါင်း ၃၀၁၂ မှုဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၄၀၆ မှု အလေးချိန် ၆၀၆ ဒသမ ၈၉၃၁ ကီလို၊ ဘိန်းဖြူ ၁၁၂၆ မှု အလေးချိန် ၉၇၃ ဒသမ ၅၁၅၆ ကီလို၊ ဘိန်းညို သုံးမှု အလေးချိန် ၅၈ ဒသမ ၉၀၄ ကီလို၊ ဘိန်းဆီ ၆၄ မှု အလေးချိန် ၃၉ ဒသမ ၁၁၅၇ ကီလို၊ အဆင့်နိမ့်ဘိန်း ၁၆၂ မှု အလေးချိန် ၃၉၅ ဒသမ ၇၄၅၇ကီလို၊ ဆေးခြောက် ၂၀၄ မှု အလေးချိန် ၁၄၂ ဒသမ ၄၄၆၈ ကီလို၊ ဖင်ဆီဒိုင်း ၁၈ မှု ပမာဏ ၃၀ ဒသမ ၂၅ လစ်တာ၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၈ မှု ၈၃၇၉၃၁၁ ပြား၊ အက်ဖီဒရင်း နှစ်မှု အလေးချိန် ၁၈၂ ဒသမ ၆၅၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးမှုန့် ၁၂ မှု အလေးချိန် ၆၉ဒသမ ၀၅၇၆ ကီလို၊ ချောင်းဆိုးပျောက်ဆေးရည် ခြောက်မှု ပမာဏ ၇၁ ဒသမ ၁ လစ်တာ၊ ဘိန်းစာမှုန့် ၃၆ မှု အလေးချိန် ၈၂ဒသမ ၀၀၉၂ကီလို၊ ဒိုင်ယာဇီပမ်ဆေးပြား သုံးမှု ၄၀၇ ပြား၊ ဒိုင်ယာဇီပမ်ထိုးဆေး ငါးမှု ၁၀၄ ပုလင်း၊ မော်ဖင်းထိုးဆေး တစ်မှု ၁၀ ပုလင်း၊ ဗြူပရီနော်ဖင်းထိုးဆေး ငါးမှု ၃၇၉ ပုလင်း၊ စိတ်ကြွရူးသွပ် ဆေးခဲ(အိုက်စ်) အလေးချိန် ဒသမ ၁၅၅ ကီလို၊ ကေဖင်း အလေးချိန် ဒသမ ၇၉ကီလို၊ အက်တက်စီ ဆေးပြား နှစ်မှု ငါးပြား၊ အက်စစ် တစ်အင်ဟိုက်ဒြိုက် ပမာဏ ၂၆ ဒသမ ၄ လစ်တာ၊ ဓာတုဆေးရည်လေးမှု ပမာဏ ၁၇၉၇၁ ဒသမ၀၇ လစ်တာ၊ ဓာတုဆေးမှုန့် အလေးချိန်၃၆၄၉ ဒသမ ၇၇၆ကီလို၊ မှတ်ပုံတင်ပျက် ၁၈၄မှု၊ အခြားအမှု ၁၇၁မှု ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ

တပ်မတော် တပ်ရင်း တပ်ဖွဲ့များမှ ဘိန်း ၁၂မှု အလေးချိန် ၆၉ ဒသမ ၃၆၇၈ ကီလို၊ ဘိန်းဖြူ ၁၅မှု အလေးချိန် ၁၇ ဒသမ ၅၄၀၈ ကီလို၊ ဘိန်းဆီ နှစ်မှု အလေးချိန် ဒသမ၁၆၂၉ ကီလို၊ အဆင့်နိမ့် ဘိန်း ခုနစ်မှု၊ အလေးချိန် ၄ဒသမ ၈၀၄၅ ကီလို၊ ဆေးခြောက် တစ်မှု၊ အလေးချိန် ဒသမ ၆၅၉၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြားကိုးမှု ၂၃၃၈၁ပြား၊ ဘိန်းစာမှုန့်တစ်မှု အလေးချိန် ၈ဒသမ ၁၃ ကီလို၊ မှတ်ပုံတင်ပျက် နှစ်မှု၊ အခြားအမှု နှစ်မှု ဖမ်းဆီးရမိခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှဖမ်းဆီးရမိမှုများမှာ ဘိန်း ၃၉၄မှု အလေးချိန် ၅၃၇ ဒသမ ၅၂၅၃ ကီလို၊ဘိန်းဖြူ ၁၁၁၁မှု အလေးချိန် ၉၅၅ ဒသမ ၉၇၄၈ ကီလို၊ ဘိန်းညို သုံးမှု အလေးချိန် ၅၈ဒသမ ၉၀၄ ကီလို၊ ဘိန်းဆီ ၆၂မှု အလေးချိန် ၃၈ ဒသမ ၉၅၂၈ ကီလို၊ အဆင့်နိမ့်ဘိန်း ၁၅၅မှု အလေးချိန် ၃၉၀ဒသမ ၉၄၁၂ ကီလို၊ ဆေးခြောက် ၂၀၃မှု အလေးချိန် ၁၄၁ ဒသမ ၇၈၇၃ ကီလို၊ ဖင်ဆီဒိုင်း ၁၈မှု ပမာဏ ၃၀ ဒသမ ၂၅ လစ်တာ၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၉မှု အပြား၈၃၅၅၉၃၀၊ အက်ဖီဒရင်း နှစ်မှု အလေးချိန် ၁၈၂ ဒသမ ၆၅၆ကီလို၊ စိတ်ကြွရူးသွပ်ဆေးမှုန့် ၁၂မှု အလေးချိန် ၆၉ဒသမ၀၅၇၆ ကီလို၊ ချောင်းဆိုးပျောက်ဆေးရည်ခြောက်မှု ပမာဏ ၇၁ ဒသမ ၁လစ်တာ၊ ဘိန်းစာမှုန့် ၃၅မှု၊ အလေးချိန် ၇၃ ဒသမ ၈၇၉၂ ကီလို၊ဒိုင်ယာဇီပမ်ဆေးပြား သုံးမှု ၄၀၇ ပြား၊ဒိုင်ယာဇီပမ်ထိုးဆေး ငါးမှု ၁၀၄ပုလင်း၊ မော်ဖင်းထိုးဆေး တစ်မှု ၁၀ပုလင်း၊ ဗြူပရီနော်ဖင်းထိုးဆေး ငါးမှု ၃၇၉ ပုလင်း၊ စိတ်ကြွရူးသွပ် ဆေးခဲ(အိုက်စ်) အလေးချိန် ဒသမ ၁၅၅ ကီလို၊ ကေဖင်းအလေးချိန် ဒသမ ၇၉ကီလို၊ အက်တက်စီ ဆေးပြား နှစ်မှု ငါးပြား၊ အက်စစ်တစ်အင်ဟိုက်ဒြိုက် ပမာဏ ၂၆ ဒသမ ၄လစ်တာ၊ ဓာတုဆေးရည် လေးမှု ပမာဏ ၁၇၉၇၁ ဒသမ ၀၇ လစ်တာ၊ ဓာတုဆေးမှုန့် အလေးချိန် ၃၆၄၉ ဒသမ ၇၇၆ ကီလို၊မှတ်ပုံတင်ပျက် ၁၈၂ မှု၊ အခြားအမှု ၁၆၉ မှု ဖမ်းဆီးရမိခဲ့သည်။

အရေးယူခဲ့

၂၀၀၄ ခုနှစ်အတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၃၀၁၂ မှုဖမ်းဆီးခဲ့ရာတွင် တရားခံကျား ၃၄၁၈ ဦး၊ တရားခံမ ၇၃၅ ဦး စုစုပေါင်း တရားခံ ၄၁၅၃ ဦးတို့အား ဥပဒေအရ အရေးယူခဲ့သည်။

၂၀၀၄ ခုနှစ် အတွင်းတပ်မတော် တပ်ရင်း၊တပ်ဖွဲ့များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ နယ်မြေလုံခြုံရေး ဆောင်ရွက်စဉ် ရှမ်းပြည်နယ် (မြောက်ပိုင်း) ဘိန်းချက်စခန်း တစ်ခု၊ ကချင်ပြည်နယ်တွင် ဘိန်းချက်စခန်း တစ်ခု ဖမ်းဆီးရမိသည်။ အဆိုပါ ဘိန်းချက်စခန်းများမှမူးယစ်ဆေးဝါးများ၊ ဓာတုဆေးရည်များနှင့်ဘိန်းချက်ဆက်စပ်ပစ္စည်းများသိမ်းဆည်းရမိခဲ့သည်။

ဘိန်းခင်းဖျက်ဆီး

၂၀၀၄–၂၀၀၅ ခုနှစ် ဘိန်းစိုက်ရာသီတွင် တရားမဝင်စိုက်ပျိုးထားသော ဘိန်းခင်းများကို ဖျက်ဆီးလျက်ရှိရာ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်အထိ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် စုစုပေါင်း ဘိန်းခင်း ၈၀၈၂ ဒသမ ၁၃ ဧက (၃၂၇ ဒသမ ၇၉ ဟက်တာ) ဖျက်ဆီးခဲ့သည်။

ပိုမိုဖမ်းဆီးမိ

၂၀၀၃ ခုနှစ်နှင့် ၂၀၀၄ ခုနှစ် မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုကို နှိုင်းယှဉ်လျှင် ၂၀၀၄ ခုနှစ်တွင် ၂၀၀၃ ခုနှစ်ထက်ဘိန်းဖြူအလေးချိန် ၄၀၅ ဒသမ ၄၃၂၉ ကီလို၊ ဆေးခြောက်အလေးချိန် ၅၇ ဒသမ ၂၄၅၂ ကီလိုနှင့်စိတ်ကြွရူးသွပ်ဆေးပြား ၄၃၇၆၆၂၇ ပြား ပိုမိုဖမ်းဆီးရမိခဲ့ပြီး ဘိန်းအလေးချိန် ၈၇၄ ဒသမ ၈၀၄၇ကီလို၊ ဖင်ဆီဒိုင်း ပမာဏ၄၄ ဒသမ ၄၃ လစ်တာ၊ အက်ဖီဒရင်း အလေးချိန် ၁၂၅ဒသမ ၂၇၆၂ ကီလို၊ အက်စစ်တစ်အင်ဟိုက်ဒြိုက် ပမာဏ ၂၅၃၅ ဒသမ ၈၄ လစ်တာ၊ ဓာတုဆေးရည်ပမာဏ ၁၈၉၃၂ ဒသမ ၇၆၇ လစ်တာ လျော့နည်း ဖမ်းဆီးရမိခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် ၂၀၀၃ ခုနှစ်ထက် အမှုပေါင်း ၂၄၅ မှု၊ တရားခံပေါင်း ၃၀၀ ပိုမိုဖမ်းဆီးရမိခဲ့သည်။ **(သတင်းစဉ်)**

မင်္ဂလာဒုံမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း မိဘဆရာသင်း နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းရီက ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်သော ငါးဘာသာဂုဏ်ထူးရှင် မောင်ပြည့်ဘုန်းမော်အား ဆုချီးမြှင့်စဉ်။ (က–ပ)

ကျိုင်းတုံ-လွယ်မွေကားလမ်းပေါ်ရှိ နမ့်လပ်ချောင်းဖြတ် သံကူကွန်ကရစ်တံတား တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် စစ်ဆေး၊ သတ်မှတ်ကာလအတွင်းပြီးစီးရေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါ၍ ဖေဖော်ဝါရီ ၁၂ရက် နံနက် ၉နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ကျိုင်းတုံ-လွယ်မွေကားလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတား အမှတ်(၅/၂) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ယာယီရှင်းလင်းဆောင်တွင် အင်ဂျင်နီယာမှူးကြီး ဦးသောင်းဌွေးက လုပ်ငန်းများဆောင်ရွက်မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက တံတားတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ ပြီးစီးရေး ဂရုပြုကြီးပမ်းဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆိုပါတံတားမှာ ကျိုင်းတုံ-လွယ်မွေ ကားလမ်းပေါ်တွင် ကျိုင်းတုံမြို့မှတစ်မိုင်ငါးဖာလုံအကွာ၌ နမ့်လပ်ချောင်းကိုဖြတ်၍ တည်ဆောက်ထားရာ ယခင်က အရှည်ပေ ၁၅၀၊ အကျယ် ၁၄ပေ၊ နှစ်လွှာဘေလီတံတားဖြစ်ပြီး၊ ယခုကျောက်စီကမ်းကပ်ခုံဖြင့် အရှည်ပေ ၁၂၀၊ အကျယ် ၂၂ပေ သံကူကွန်ကရစ်တံတားအဖြစ် ပြုပြင်တည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တာဝန်ရှိသူများနှင့်အတူ တိုင်းစစ်ဌာနချုပ်၏ ရာသီစားဖိုဆောင်သီးနှံစိုက်ခင်းများနှင့် မိသားစုတစ်ပိုင်တစ်နိုင် စိုက်ခင်းများကိုလည်းကောင်း၊ စိန်တစ်လုံးအမျိုးအစား သရက်ခြံကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စမ်းချောင်းမြို့နယ် ဟုမ်းလမ်းရပ်ကွက် ပန်းလှိုင် အာရုံတော်ဝတ်အသင်းမှ ကိုးထပ်ကြီးဘုရား ရုပ်ပွားတော်မြတ်ကြီးအား အကြိမ် (၃၀) မြောက် ရွှေသင်္ကန်း အလှူတော်ငွေ ကျပ် ၇၄၃၀၀၀ လှူဒါန်းပွဲကို ဇန်နဝါရီ ၃၀ ရက်က ဓမ္မာရုံတွင် ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးတင်ရွှေနှင့် အဖွဲ့က အလှည့်ကျဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းစဉ်။ (၁၂၉)

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကျွန်းအထူးစိုက်ခင်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဖေဖော်ဝါရီ ၁၃ ရက် ညနေပိုင်းက ကန့်ဘလူမြို့နယ် စပယ်နံ့သာကြိုးဝိုင်း အကွက်အမှတ်(၅၁/၅၂)ရှိ ၁၉၉၈ခုနှစ် ကျွန်းအထူးစိုက်ခင်း ဧက၁၀၀၀ သို့လည်းကောင်း၊ ၁၉၉၉ ခုနှစ် ကျွန်းအထူးစိုက်ခင်း ဧက၁၀၀၀ သို့လည်းကောင်း၊ အကွက်အမှတ် (၁၀၀/၁၀၂)ရှိ ၂၀၀၄-၂၀၀၅ ခုနှစ် ဧက ၅၀၀ ကျွန်းအထူးစိုက်ခင်းသို့ လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် အကွက်အမှတ် (၂၉/၄၂/၄၃) ရှိ တင်ဝင်းထွန်း ကုမ္ပဏီ ကျွန်းအထူးစိုက်ခင်းသို့ ရောက်ရှိပြီး ပျိုးဥယျာဉ်၌ ပျိုးပင်များ စုဆောင်းထားရှိမှုအခြေအနေများနှင့် စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူး ဦးစန်းလွင်က ကျွန်းအထူးစိုက်ခင်းများ တည်ထောင်မှုလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများ နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် အကွက်အမှတ်(၂၆)ရှိ ရွှေမိုးသားထရေးဒင်းကုမ္ပဏီ၏ ၂၀၀၄-၂၀၀၅ ခုနှစ် ကျွန်းစိုက်ခင်းကိုလည်းကောင်း၊ အကွက်အမှတ်(၂)ရှိ ၁၉၉၆-၁၉၉၇ ခုနှစ် ကျွန်းစိုက်ခင်းဧက ၅၀ ကို လည်းကောင်း၊ သစ်စေ့ထုတ် ဧရိယာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း သီလဝါကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

သန်လျင် သီလဝါဒေသ MIPL ဆိပ်ကမ်းတွင် ကတ္တရာပုံးများ တင်ဆောင်နေမှု ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဆိပ်ကမ်း ကုန်တင်ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန် မြန်ဆန်ရေးနှင့် စွမ်းအားပြည့် ဆောင်ရွက်နိုင်ရေး ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ယမန်နေ့မွန်းလွဲပိုင်းက သန်လျင် သီလဝါဒေသရှိ သီလဝါဆိပ်ကမ်း အမှတ်(၄)သို့ ရောက်ရှိရာ ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး MIPLဆိပ်ကမ်းတွင် ပြည်ပမှ တင်သွင်းရောက်ရှိလာသော ကတ္တရာပုံးများ သင်္ဘောပေါ်မှ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဆိပ်ကမ်းတွင် ရောက်ရှိနေသော ကတ္တရာပုံးများ၊ ကုန်သေတ္တာများ ထားရှိမှုကို မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း သီလဝါ (MITT) ရုံးသို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ အုပ်ချုပ်မှုမန်နေဂျာ ဦးမြင့်သောင်းက ဆိပ်ကမ်းကုန်တင်ကုန်ချ အခြေအနေကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။

လိုက်လံကြည့်ရှု

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း သီလဝါ၌ သင်္ဘောပေါ်သို့ ကုန်သေတ္တာများ၊ သစ်များတင်ဆောင်နေမှုကိုကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆိပ်ကမ်းအတွင်း မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုကြသည်။

ဖြည့်ဆည်းမှာကြား

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ကုန်သေတ္တာ သိုလှောင်ရုံနှင့် ကုန်ပစ္စည်းစစ်ဆေးရေးစခန်းတွင် ကုန်သေတ္တာများ ဖွင့်ဖောက်စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွမ်းခြံကုန်းမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ လူရည်ချွန် လူရည်မွန်ဂုဏ်ပြုပွဲနှင့် ဒေသဖွံ့ဖြိုးရေးအလှူငွေပေးအပ်ပွဲတို့ကို ယမန်နေ့နံနက်က ဗဟန်းမြို့နယ် စွမ်းအင်ဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အသင်းဥက္ကဋ္ဌဦးကျော်ခိုင်(မြန်မာ့အလှုဆောက်လုပ်ရေး)က နှုတ်ခွန်းဆက်စကား ပြောကြားပြီး အသက်(၇၅)နှစ်နှင့်အထက်အသင်းသူအသင်းသားဘိုးဘွားများအား ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ ၂၀၀၃-၂၀၀၄ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးများဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများအား အသင်းနာယကများနှင့် အမှုဆောင်များက ဆုများချီးမြှင့်ပေးကြသည်။

ထို့နောက် လူရည်ချွန် လူရည်မွန် ဂုဏ်ပြုပွဲ အစီအစဉ်ကိုကျင်းပရာ ကွမ်းခြံ ကုန်းမြို့နယ်အသင်းတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူ အသင်းဂုဏ်ထူးဆောင်နာယက စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီအား မြို့နယ်အသင်းကိုယ်စား ဥက္ကဋ္ဌ ဦးကျော်ခိုင်က ဂုဏ်ပြုမှတ်တမ်း လွှာ ငွေတံဆိပ်အားပေးအပ်ရာ ဝန်ကြီးကိုယ်စား ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး စိန်တင်ဝင်းက လက်ခံရယူသည်။

ထို့နောက် ယခုနှစ်အမျိုးသားစာပေ ဝတ္ထုရှည်(ပထမဆု)ရ ဆောင်းဝင်းလတ် အားလည်းကောင်း၊ ပခုက္ကူ ဦးအုံးဖေစာကြည့်တိုက်ဆုရ ယုဝတီ ခင်ဦး (ဒေါက်တာဒေါ်ရီရီလှ)အားလည်းကောင်း၊ ဆေးပညာပါရဂူ (ပြည်သူ့ကျန်းမာရေး Ph.D in Public Health)ဘွဲ့ရ မင်္ဂလာဒုံဆေးတပ်မှူး ဗိုလ်မှူးထင်ဇော်စိုးအားလည်းကောင်း၊ စီမံထူးချွန်(ဒုတိယဆင့်)ဆုရ ဦးကံလှ (ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့)အားလည်းကောင်း အသင်းနာယကများနှင့် အသင်းဥက္ကဋ္ဌတို့က ဂုဏ်ပြုဆုတံဆိပ်များ ချီးမြှင့်ကြသည်။

ထို့နောက် ကွမ်းခြံကုန်းမြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပသည်။

(အောက်ပုံ)

ထို့နောက် အသင်း၏ နှစ်ပတ်လည် အစီရင်ခံစာကို အမှုဆောင် ဒေါ်သန့်စင်နှင့် ဒေါ်ယဉ်ယဉ်စိုးတို့က လည်း ကောင်း၊ ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးကျော်စိုး(ATG Construction)ကလည်းကောင်း ဖတ်ကြားအစီရင်ခံကြပြီး အစည်းအဝေးကြီးက အတည်ပြုပေးကြသည်။

(က-ပ)

ပုညကုသလအသင်း သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အငြိမ်းစား အသက် ၈၀ ကျော် သက်ကြီးပုဂ္ဂိုလ် အဘိုး၊ အဘွား ၅၀ အား ဖေဖော်ဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ရဲဓမ္မာရုံ၌ သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

အလက(၆) မြောက်ဥက္ကလာပမြို့နယ်၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ကျင်းပရာ တတိယတန်းမှ စာပေဘာသာရပ် ပထမဆု ရရှိသူ မဝင့်အိန္ဒြာလှဝင်းအား ကျောင်းအုပ်ဆရာကြီး ဦးဇော်ဝင်းက ဆုချီးမြှင့်စဉ်။ (က-ပ)

ပဲခူးမြို့နယ်တွင် ကျေးရွာပညာပဒေသာ စာကြည့်တိုက်ဖွင့်လှစ် ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေး ရှင်းလင်းပြောကြား

ပဲခူး ဖေဖော်ဝါရီ ၁၅

ပဲခူးမြို့နယ် ပျဉ်ပုံကြီးကျေးရွာအုပ်စု ပျဉ်ပုံကြီးစံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာပဒေသာစာကြည့်တိုက် ဖွင့်ပွဲကို ဖေဖော်ဝါရီ၁၂ရက် နံနက်၉နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ စာကြည့်တိုက်ကို ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကြည်ဝင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးအောင်သန်းကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် ဟောပြောပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပဲခူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းက အမှာစကားပြောကြားပြီး ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေးကိုလည်းကောင်း၊ ကျေးရွာဥက္ကဋ္ဌက စာကြည့်တိုက်ဖြစ်ပေါ်လာပုံကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အလှူရှင်များက မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှသိန်းက သုတ၊ ရသ စာအုပ်မျိုးစုံ ၆၀ ကို ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

တောင်ငူခရိုင်စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်း ရေရှည်တည်တံ့ရေးဆွေးနွေး၊ မဂ္ဂဇင်းဂျာနယ်များပေးအပ်

တောင်ငူ ဖေဖော်ဝါရီ ၃

ပဲခူးတိုင်း တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်းပွဲနှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့တိုးတက်ရေးအတွက် ဆွေးနွေးဟောပြောပွဲကို ဇန်နဝါရီ၁၅ရက်က တောင်ငူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက စာကြည့်တိုက်များအတွက် စာအုပ်များ ပေးအပ်လှူဒါန်းပြီး**(ယာပုံ)** စာကြည့်တိုက်များ ရေရှည်တည်တံ့ တိုးတက်ရေးနှင့် ကျန်ကျေးရွာများတွင်လည်း စာကြည့်တိုက်များ ဆက်လက်ဖွင့်လှစ်ရေးတို့ကို ဆွေးနွေးမှာကြားပြီး ခရိုင် ဦးစီးအရာရှိ ဦးသန့်ဇင်က ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရစ်ခုအတွက် ဘာသာရပ်နှင့် မဂ္ဂဇင်း ဂျာနယ်စာအုပ်ပေါင်း ၄၀၀ ကို ကျေးရွာဥက္ကဋ္ဌများသို့ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဘုရင့်နောင်ကျောက်ချောလမ်းခင်း ပြုပြင်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၇ ရက်က မြို့နယ်အမှုဆောင် အရာရှိ ဦးကိုကိုက လိုအပ်သည်များ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။
(ခရိုင် ပြန်/ဆက်)

ကျောက်မဲမြို့နယ်တွင် စိမ့်စမ်းရေသွယ်ယူခြင်း ဖွင့်ပွဲကျင်းပ

ကျောက်မဲ ဖေဖော်ဝါရီ ၁၂

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် စခန်းသာကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်း(အရှည်ပေ ၂၆၀၀) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ရက် နံနက် ၉နာရီက အဆိုပါကျေးရွာ ရေစုကန်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းက အဖွင့် အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်က စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်း ဆောင်ရွက်မှုအား ရှင်းလင်းတင်ပြသည်။ ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရေဂါလန်၅၀၀၀ ဆံ့ ရေစုကန်ရှေ့၌ ခရိုင်ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးလွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ဘုံဘိုင်ခေါင်းကို ဖွင့်ပြီး ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းမှာ ရေပိုက်အရှည်ပေ ၂၆၀၀ ရှိပြီး ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေစုကန်အပါအဝင်၊ စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၂၇၄၈၅၀၀ အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကာမိုင်းမြို့တွင် ကတ္တရာလမ်းသစ်ဖွင့်

ကာမိုင်း ဖေဖော်ဝါရီ ၁၄

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကာမိုင်းမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ကောင်ရာ-တွယ်ဆန်ယန် ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က ကျင်းပရာ ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းဟန်နှင့် ကာမိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးအင်ခွမ်တူးနှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ကြီးကြပ်ဆောင်ရွက်

ဇန်နဝါရီ ၃၁ ရက်က ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပကာရီတံတား တည်ဆောက်နေမှုအား တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်အောင် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။
(မြို့နယ်စည်ပင်)

တောင်တွင်းကြီးမြို့နယ်တွင် ကျေးရွာစာကြည့်တိုက်ဖွင့် စာအုပ်မျိုးစုံလှူဒါန်း

တောင်တွင်းကြီး ဖေဖော်ဝါရီ ၇

တောင်တွင်းကြီးမြို့နယ် အင်းရွာကြီးကျေးရွာ အနာဂတ်မျိုးဆက်သစ် စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၃၀ ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအေးဖေ၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဝင်းခိုင်နှင့် ကျောင်းအုပ်ဆရာကြီး ဦးမြရှိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ရန်ကုန်မြို့မှ ဦးကျော်မိုးဝင်း မိသားစုက စာအုပ်မျိုးစုံ ၆၀၀ ကိုလည်းကောင်း၊ ဦးသောင်းမြင့် မိသားစု(တောင်တွင်းကြီး)မြို့မှ စာအုပ် ၆၀၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးသန်းထွန်းက လက်ခံရယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးရွာချင်းဆက် လမ်းဖြစ်သည့် ကျောင်းကုန်း-ပုသိမ် ကားလမ်းမကြီးနှင့် အိမ်မဲ-ဒါးက-ပုသိမ်-ကျောင်းကုန်း ကားလမ်းမအထိ ဆက်သွယ်သည့် ရင်ဆိုင်-မရမ်းချောင်ကျေးရွာချင်းဆက် လမ်းအား ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၇ရက်က ဆောင်ရွက်ရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းသိုက်တို့ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးစဉ်။
(၂၆၅)

စစ်ကိုင်းတိုင်း ထီးချိုင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နေ့ကလေးထိန်းကျောင်းဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်သာအေးတက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက ကသာခရိုင် ထီးချိုင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နေ့ကလေးထိန်းကျောင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ အစီအစဉ်အရ ထီးချိုင့်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အမှုဆောင်အဖွဲ့ဝင် ဒေါ်ချိုချိုကွန့်က နေ့ကလေးထိန်းကျောင်းနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် စစ်ကိုင်းတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ဝေဝေခိုင်က နေ့ကလေးထိန်းကျောင်း ဆိုင်ဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ထီးချိုင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရန်ပုံငွေအတွက် ငွေကျပ်တစ်သိန်းကို အမှုဆောင်အဖွဲ့ဝင် ဒေါ်မြင့်အေးသို့ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများသည် နေ့ကလေးထိန်းကျောင်းရှိ ကလေးငယ်များအား လက်ဆောင်ပစ္စည်းများပေးအပ်ပြီးနောက် တိုင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်က ကလေးငယ်များ အာဟာရတိုက်ကျွေးရန်အတွက် ငွေကျပ်တစ်သောင်းထောက်ပံ့ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် နေ့ကလေးထိန်းကျောင်းကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးသည်။

အဆိုပါ နေ့ကလေးထိန်းကျောင်းသည် ထီးချိုင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစီအစဉ်ဖြင့် ငွေကျပ် ၁၆သိန်း အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကျောင်းတွင် ဆရာမတစ်ဦးရှိ၍ ကလေးငယ် ၃၀ တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၁၅ ရက်က အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်း ဒိုင်လူကြီးသင်တန်းဖွင့်ပွဲကို အမျိုးသားဘောလုံး လေ့ကျင့်ရေးစခန်း သင်တန်းခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အဖွင့်အမှာစကား ပြောကြားစဉ်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အသစ် ပြန်လည်ဖွဲ့စည်း နာယကအဖွဲ့ဝင်သုံးဦးနှင့် အလုပ်အမှုဆောင် ၁၄ ဦးပါဝင်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင်အသစ် ပြန်လည်ဖွဲ့စည်းခြင်းနှင့် ရှင်းလင်းမိတ်ဆက်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ရက် ညနေ ၄ နာရီက အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် [မက်(စ်)မြန်မာ ကုမ္ပဏီလီမိတက်]နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် [မက်(စ်)မြန်မာ ကုမ္ပဏီလီမိတက်]က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော စာနယ်ဇင်းများမှ တာဝန်ရှိသူများက သိလိုသည့် အချက်များကို မေးမြန်းရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

အသစ်ပြန်လည် ဖွဲ့စည်းလိုက်သော မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွင် နာယကအဖွဲ့ဝင်သုံးဦးနှင့် အလုပ်အမှုဆောင် ၁၄ဦးပါဝင်လာသည်။ နာယကအဖွဲ့ဝင်များအဖြစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌဦးအောင်ကိုဝင်းနှင့် ထူးထရေးဒင်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးတေဇတို့ ပါဝင်ကြသည်။

အလုပ်အမှုဆောင် ကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဦးဇော်ဇော် [ဥက္ကဋ္ဌ၊ မက်(စ်) မြန်မာကုမ္ပဏီလီမိတက်]၊ ဒုတိယဥက္ကဋ္ဌ(၁)အဖြစ်ဦးဇော်ဝင်းနိုင် (ဒါရိုက်တာ၊ကမ္ဘောဇဘဏ်လီမိတက်)၊ ဒုတိယဥက္ကဋ္ဌ(၂)အဖြစ် ဦးခင်မောင်ကြိုင် (ဒုတိယ ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန)၊ ဘဏ္ဍာရေးမှူးအဖြစ် ဦးသန်းဇော်(ညွှန်ကြားရေးမှူး၊ငြိမ်း၊အား/ကာဦးစီးဌာန)၊ အဖွဲ့ဝင်များအဖြစ် ပါမောက္ခဒေါက်တာသန်းတိုး(ပါမောက္ခ/ဌာနမှူး၊အကြောအဆစ်ရောဂါအထူးဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ ဦးဇော်လင်း(ညွှန်ကြားရေးမှူး၊ကွင်း/ရုံ၊အား/ကာဦးစီးဌာန)၊ ဦးကျော်စိုးမြင့်(ညွှန်ကြားရေးမှူး၊ စီမံ/ဘဏ္ဍာ၊ အား/ကာဦးစီးဌာန)၊ ဦးတင်အောင်(ဂိုး)(ဗိုလ်ကြီး၊ငြိမ်း၊ကာကွယ်ရေးဝန်ကြီးဌာန)၊ ဦးအေးမောင်ကြီး(လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာဦးစီးဌာန)၊ ဦးအေးမောင်လေး (လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာဦးစီးဌာန)၊ ဦးသန်းတိုးအောင် (အင်ဂျင်နီယာ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)နှင့် ဒေါက်တာ အုပ်စိုးဦး (လက်ထောက်ဆရာဝန်၊ အား/ကာဦးစီးဌာန)၊ ဥပဒေအကြံပြုအဖြစ် ဦးညီညီ(ညွှန်ကြားရေးမှူး၊ငြိမ်း၊ရှေ့နေချုပ်ရုံး)နှင့် အထွေထွေ အတွင်းရေးမှူးအဖြစ် ဦးတင်အောင်(ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာဦးစီးဌာန)တို့ပါဝင်ကြသည်။ **(မြန်မာ့အလင်း)**

ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မန္တလေးတိုင်း သာစည်မြို့ အမှတ်(၁)ရပ်ကွက် ဂါတ်တန်းကျောင်းတိုက် နာယကဆရာတော် ဦးသုနန္ဒအား ဦးထိပ်ထား၍ ပထမအကြိမ် မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းကို ၁၃၆၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၂ရက်မှ လပြည့်ကျော်၈ရက် (ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၃ ရက်)အထိ သဲတောမြို့ကုန်းမြင့်ရိပ်သာကျောင်းတိုက် ပဓာနနာယက ဆရာတော် နယ်လှည့်ဓမ္မကထိက ဦးပညာသီရိကမိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယ အတိုင်းပဋ္ဌိစ္စသမုပ္ပာဒ်နှင့်သစ္စာလေးပါး တရားတော်များ ဟောကြားပြသမည်ဟု သိရသည်။ **(က-ပ)**

ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာကြီး၏ (၁၅)ကြိမ်မြောက် ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းကို မတ်၁၃ရက်မှ ဧပြီ၁၀ရက်အထိ ရွှေတောင်ကုန်းသာသနာ့ရိပ်သာကြီးတွင် သင်ကြားပို့ချမည်ဖြစ်ရာ ကျောင်းသားကျောင်းသူများသည် ရွှေတောင်ကုန်းသာသနာ့ရိပ်သာကြီးသို့ ဖေဖော်ဝါရီ ၂၇ရက်တွင် လူကိုယ်တိုင်လာရောက် စာရင်းပေးသွင်း နိုင်ကြောင်းနှင့် သင်တန်းသားဦးရေ ကန့်သတ်ထား၍ သင်တန်းဝင်ခွင့်လျှောက်လွှာများ တင်သွင်းနိုင်ကြသည်။ **(က-ပ)**

ရောဝတီတိုင်း မအူပင်မြို့နယ် ပေါက်ကုန်းကျေးရွာ သရက်ဖြူတစ်ထောင်တွင် တည်ထားကိုးကွယ်ထားသော (၁၈) တောင်ပြည့် အဓိပတိရုပ်ပွားတော်မြတ်ကြီးအား ထပ်မံပြန်လည်ပြုပြင်ရန်အတွက် မိခင်ကြီး ဒေါ်ကျင်စိန်နှင့် ဦးမျိုးသန့်၏ဇနီး ဒေါ်စန်းစန်းမြင့်တို့က လှူဒါန်းငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံယူစဉ်။
(က-ပ)

ကမ္ဘာတစ်လွှား အားကစား

ကမ္ဘာကျော်ဘောလုံးသမားများ ပါဝင်သော ဆူနာမီရန်ပုံငွေဘောလုံးပွဲယှဉ်ပြိုင်

ဘာစီလိုနာ ဖေဖော်ဝါရီ ၁၆

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)နှင့် ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)တို့ပူးပေါင်းကျင်းပသည့် ဆူနာမီရန်ပုံငွေဘောလုံးပြိုင်ပွဲကို စပိန်နိုင်ငံ ဘာစီလိုနာမြို့ ကမ့်ပ်နူဘောလုံး အားကစားကွင်း၌ ဖေဖော်ဝါရီ၁၅ရက်က ကျင်းပရာ ၂၀၀၄ ခုနှစ် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမား ရော်နယ်ဒင်ဟို ဦးဆောင်သည့် အသင်းနှင့် ၂၀၀၄ ခုနှစ် ဥရောပအကောင်းဆုံးဘောလုံးသမား ရှက်ဖ်ချင်ကိုဦးဆောင်သည့် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည့်ပွဲတွင် ရော်နယ်ဒင်ဟို ဦးဆောင်သည့်အသင်းက ခြောက်ဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ကမ္ဘာကျော်ဘောလုံးသမား ၅၀ ပါဝင်ကစားခဲ့သော အဆိုပါဘောလုံးပြိုင်ပွဲတွင် ရီးရဲမက်ဒရစ်အသင်းမှ ဇီဒန်းနှင့် ဒေးဗစ်ဘက်ခမ်းတို့လည်း ပါဝင်ကစားကြသည်။ ရော်နယ်ဒင်ဟိုဦးဆောင်သည့်အသင်းကို နည်းပြများအဖြစ် ဘရာဇီးနည်းပြ ကားလို့စ် အယ်ဘာတိုပရဲရားနှင့် ဘာစီလိုနာ အသင်းနည်းပြ ဖရန့်ရစ်ကက်ဒ်တို့ တာဝန်ယူပေးပြီး ရှက်ဖ်ချင်ကို ဦးဆောင်သည့်အသင်းအား အီတလီနည်းပြ မာဆယ်လိုလစ်ပီနှင့် အာဆင်နယ်အသင်းနည်းပြ အာဆင်ဝင်းဂါးတို့က တာဝန်ယူပေးသည်။

ရော်နယ်ဒင်ဟိုအသင်းတွင် ဒရော့ဘာ၊ ကာကာ၊ ဇနက်တီနှင့် တောင်ကိုရီးယားအသင်းမှ ပက်ဂျေဆောင်တို့ အပါအဝင် အခြားဘောလုံးသမားအကျော်အမော်များ ပါဝင်ကစားခဲ့ကြပြီး ရှက်ဖ်ချင်ကိုဦးဆောင်သည့် အသင်းတွင် ပေါ်လိုမာဒီနီ၊ မိုက်ကယ်ဘောလက်၊ သီယာရီဟင်နရီ၊ ဇီဒန်းနှင့် ဒေးဗစ်ဘက်ခမ်းတို့ အပါအဝင် အခြားနာမည်ကျော်များ ပါဝင်ကစားခဲ့ကြသည်။

ဒိုင်လူကြီးအဖြစ် အီတလီမှကိုလီနာကတာဝန်ယူပေးပြီး အကူဒိုင်များအဖြစ် မိုဟာမက်ဆွိဒ်နှင့် ဒမ်မိုးတို့က ပါဝင်ဆောင်ရွက်ပေးခဲ့သည်။ ဘာစီလိုနာအသင်း ဥက္ကဋ္ဌ ဂျွန်လာပေါ်တာက အသင်းပိုင် ကမ့်ပ်နူကွင်းကို အခမဲ့အသုံးပြုခွင့်ပေးခဲ့ပြီး နောင်တွင်လည်း လူသားချင်းစာနာထောက်ထားမှုကိစ္စရပ်များအတွက် အခမဲ့အသုံးပြုနိုင်ကြောင်း ပြောကြားခဲ့သည်။ ထိုပွဲမှရရှိသည့် ငွေကြေးများကို ဆူနာမိဒဏ်ခံစားခဲ့ကြရသူများအတွက် လှူဒါန်းမည်ဖြစ်သည်။ **(အင်တာနက်)**

စပိန်နိုင်ငံ ဘာစီလိုနာမြို့၌ ယှဉ်ပြိုင်ကစားသည့် ကမ္ဘာကျော်ဘောလုံးသမားများ၏ ဆူနာမီရန်ပုံငွေပွဲတွင် ရော်နယ်ဒင်ဟိုထိုးဖောက်ကစားမှုကို မွန်တယ်ရို(ယာ)ဟန့်တားရန် ကြိုးစားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဖရိက၏တစ်နှစ်တာအကောင်းဆုံးဘောလုံးသမားဆုအီတူးရရှိ

ဒူဘန် (တောင်အာဖရိက) ဖေဖော်ဝါရီ ၁၆

ကင်မရွန်းလက်ရွေးစင်နှင့် ဘာစီလိုနာအသင်း တိုက်စစ်မှူး ဆင်မြူရယ် အီတူးသည် အာဖရိက၏ တစ်နှစ်တာ အကောင်းဆုံး ဘောလုံးသမားဆုကို အင်္ဂါနေ့က ရွေးချယ်ခံခဲ့ရရာသူသည် နှစ်နှစ်ဆက်တိုက်အာဖရိကအကောင်းဆုံး ဘောလုံးသမားဆုရရှိသွားသူ တစ်ဦးဖြစ်လာခဲ့သည်။

အသက် ၂၃နှစ်အရွယ်ရှိ အီတူးသည် အကောင်းဆုံးဘောလုံးသမားဆုအတွက် ဆန္ဒမဲ ၁၁၆မဲရရှိပြီး ဒရော့ဘာက ဆန္ဒမဲ ၉၀နှင့် ဂျေဂျေအိုကိုချာကဆန္ဒမဲ ၆၃မဲရရှိခဲ့ကြောင်း အာဖရိကဘောလုံးအဖွဲ့ချုပ်(စီအေအက်ဖ်)က ကြေညာခဲ့သည်။ အီတူးသည် ၂၀၀၃ ခုနှစ်ကလည်း အာဖရိကအကောင်းဆုံး ဘောလုံးသမားဖြစ်ခဲ့ပြီး ၂၀၀၄ ခုနှစ်အတွက် ထပ်မံရွေးချယ်ခံရခြင်းဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

ရဝိန္ဒလို အဆင်းလှသည့် စိန်ရတုအကြို ကျင်းပမည်

စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့နယ် ခတက္ကန်တောင်ရွာ ကျေးဇူးတော်ရှင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒ မဟာဗောဓိတထောင် ဆရာတော်ကြီးသည် ယခုနှစ် ၁၃၆၆ခုနှစ် တပို့တွဲလဆန်း ၁၄ရက်တွင် သက်တော်(၇၄)နှစ်ပြည့်တော်မူသည်ဖြစ်၍ ၎င်းနေ့တွင် ဘုရားအမှူးရှိသော သံဃာတော် အရှင်မြတ်များအား အရဏ်ဆွမ်း၊ နေ့ဆွမ်းများဖြင့် လှူဒါန်းပူဇော်မည်ဖြစ်ခြင်း၊ တပို့တွဲလပြည့်နေ့တွင် မဟာဗောဓိတထောင်ကျောင်းတိုက်အတွင်းရှိ စေတီပုထိုး အမျိုးမျိုးတို့အား ရေချမ်း၊ သစ်သီး၊ ဆွမ်း၊ ဆီမီးတို့ဖြင့် ပူဇော်ခြင်း၊ ရွှေသာလျောင်းရုပ်ပွားတော်ကြီးအတွင်းရှိ ဆင်းတုတော်တို့အား အနေကဇာတော်တင်ခြင်း၊ ပင့်သံဃာတော်များနှင့် ကျောင်းတိုက်အတွင်းရှိ သံဃာတော် ၂၀၀ကျော်တို့အား သံဃာ့ဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို အလံတစ်ရာ အောင်စကြာစေတီတော်ရင်ပြင်တွင်ခြိမ့်ခြိမ့်သဲ ကျင်းပသွားမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သာဝကအပေါင်းတို့အား သတင်းကောင်းပါးလိုက်ရပါသည်။

မဟာဗောဓိတထောင်အကျိုးတော်ဆောင်၊ ရန်ကုန်။

တပည့်ဒါယကာ၊ဒါယိကာမများအားနှိုးဆော်ခြင်း

မွန်ပြည်နယ်၊ မုဒုံမြို့၊ မြို့မ(၄)ရပ်ကွက်၊ မုဒုံမူလမင်းကွန်း သတိပဋ္ဌာန်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဥက္ကံသ ဆရာတော်သည် ရန်ကုန်မြို့ အရိုးရောဂါအထူးကုဆေးရုံကြီး လူနာဆောင်တွင် ၁၅-၂-၂၀၀၅ရက်တွင် ဆေးကုသမှုခံယူနေပါကြောင်း ဆရာတော်ကြီး၏ ရပ်နီးရပ်ဝေး တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးပါသည်။

ဒါယကာ၊ဒါယိကာမများကိုယ်စား
ကိုသန်းစိုး(စိုးမြင့်မိုရ်)။

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ထီးချိုင့်မြို့ (ဦးစံမောင်)-ဒေါ်နုနုတို့၏သား
ဗိုလ်ကြီးသန့်ဇော်ဦး
B.E (Metallurgy), M.E (Metallurgy)
နှင့်
ဘားအံမြို့၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး-ဒေါ်မာမာလူ တို့၏သမီးကြီး
မဖြိုးသီရိခင်
B.Sc(Hons:), M.Sc(Physics). Part-I

တို့အား ၁၅-၂-၂၀၀၅ရက်တွင် နေအိမ်၌မော်ကွန်းတင်ထိမ်းမြားလက်ထပ်ပေးခဲ့သော ပြည်နယ်တရားသူကြီး ဦးမျိုးမြင့်အားလည်းကောင်း၊ ၁၆-၂-၂၀၀၅ရက်တွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသူများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးသန့်ဇော်ဦး-မဖြိုးသီရိခင်။

လက်ထပ်ပြီးစီးခြင်း

ပုသိမ်မြို့နေ ကျွန်တော် **မောင်ကျော်ဇင်** 1st Year (Botany) နှင့် သာပေါင်းမြို့နေ ကျွန်မ **မငုဝါစိုး** 2nd Years (Math)တို့သည် ၁၁-၁-၂၀၀၅ရက်နေ့တွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

မောင်ကျော်ဇင်-မငုဝါစိုး။

အထူးဂုဏ်ပြုအပ်ပါသည်

သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရပါသော တိုင်းရင်းဆေးသမားတော်ကြီး **ဦးရွှေမြ** အမှတ် ၉ မင်းလမ်း ဆရာစံတောင်ရပ်ကွက် ဗဟန်းအား နိုင်ငံတော်အတွက်၊ သာသနာတော်အတွက် ရှေ့ကိုဆက်လက်၍ ဆောင်ရွက်နိုင်ပါစေဟု ဆုတောင်းဂုဏ်ပြုအပ်ပါသည်။

ဓမ္မရက္ခိတသံလမ်း ကျောင်းတိုက်အရှေ့ကိုးသိန်းရပ်၊ ဂေါပကအဖွဲ့ ပုသိမ်မြို့။

သကေတမြို့နယ် ဇိနမာရ်အောင် စေတီတော်မြတ်ကြီး၏ (၁၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် သံဃာတော်အပါး ၂၃၀နှင့် သီလရှင် ၁၅ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇန်နဝါရီ ၂၃ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြကြိုင် ဦးဆောင်ပြီး မြတ်စွာဘုရားအား ပင့်ဆောင်လာရာ ဇိနမာရ်အောင်စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့်နှင့် ယောဂီများ၊ ဘာသာရေးအသင်းအဖွဲ့များက လောင်းလှူကြစဉ်။ (၂၅၈)

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ ကျပ်ငွေဖြင့်သာ ခန့်ထားရန်)

1. Product Manager (၁)ဦး
   - °M.B.,B.S/B.Pharm ဘွဲ့ရဖြစ်ရမည်။
   - ဆေးလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၂နှစ်ရှိပြီး ဆေးဝါးများအကြောင်းကို ကျွမ်းကျင်စွာနားလည်ရမည်။
   - နယ်ခရီးသွားလာနိုင်ပြီး လူအများနှင့်ဆက်ဆံရေးကောင်းမွန်ရမည်။
2. Sale Manager (၁)ဦး
   - °Medical Graduate/Pharmacist/Science Graduate
   - ဆေးလုပ်ငန်းအတွေ့အကြုံအနည်းဆုံး ၃နှစ်ရှိပြီး ဆေးဆိုင်များနှင့် ရင်းနှီးစွာဆက်ဆံနိုင်ရမည်။
   - နယ်ခရီးသွားလာနိုင်ပြီး လူအများနှင့်ဆက်ဆံရေးကောင်းမွန်ရမည်။
3. Sales Representative ကျား/မ (၅)ဦး
   - အရောင်းအဝယ်လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။
   - ရုံးစိုက်ရာမြို့မှ နယ်ခရီးသွားနိုင်သူဖြစ်ရမည်။ ဘွဲ့ရဖြစ်ရမည်။
4. Secretary (၁)ဦး
   - °Secretary လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ၂နှစ်ရှိရမည်။
   - အင်္ဂလိပ်စာ အရေး/အပြော ကျွမ်းကျင်ရမည်။
   - °Computer ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
5. Accountant မ (၃)ဦး
   - °B.Com,DA,LCCI,Computerized Accounting ကျွမ်းကျင်ရမည်။
   - လုပ်ငန်းအတွေ့အကြုံရှိသူကိုဦးစားပေးမည်။
6. Stock Controller မ (၃)ဦး
   - ဘွဲ့ရ၊ Stock များနှင့်ပတ်သက်၍ စစ်ဆေးဆောင်ရွက်နိုင်ရမည်။
   - °Computer ကျွမ်းကျင်ရမည်။
7. Merchandiser ကျား/မ (၅)ဦး
   - ဘွဲ့ရဖြစ်ရမည်။
   - Merchandising/Sale/Advertising အတွေ့အကြုံရှိသူ။
   - နယ်ခရီးသွားလာနိုင်သူဖြစ်ရမည်။

အထက်ပါအလုပ်ကို စိတ်ဝင်စားသူသည် ဤကြော်ငြာပါသည့်နေ့မှ(၁၀)ရက်အတွင်း မိမိ၏ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်း အထောက်အထား၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့်အတူ မိမိလျှောက်ထားလိုသော ရာထူးကို တိကျစွာဖော်ပြ၍ ရန်ကုန်စာတိုက်သေတ္တာအမှတ်(၁၅၂၃)သို့ ပေးပို့လျှောက်ထားနိုင်သည်။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃လမ်းမှတ်တိုင်အနီး)တွင် အမှတ်၃၄ ဧယျဝတီလမ်းသွယ် စမ်းချောင်းနေ မိခင်ကြီးဒေါ်ရှမ်းအမှူးထား၍ ဒေါ်ရှုဝါ၊ ဦးသန်းငွေ၊ ဒေါ်ဘိဘိတို့က ငွေကျပ်တစ်သိန်းကို အဖွဲ့ဝင် ဦးမျိုးခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကားဝယ်မည်
ဆန်နီပစ်ကပ်
(အက္ခရာ - န - ပ)
Model - 82 နှင့်အထက်
ကားသန့်ရမည်
ရုံးချိန်တွင်း - ဖုန်း-၃၈၅၇၅၈။

အဆင့်မြင့်ပြင်ပြီး တိုက်ခန်းရောင်းမည်

ရွှေဂုံတိုင်မီးပွိုင့်အနီး၊ ရွှေဂုံပလာဇာဝင်း၊ ပထမထပ်၊ (1800 Sqft)၊ ရုံးခန်း၊ လူနေရန်အသင့် အဆင့်မြင့်ပြင်ဆင်ပြီး၊ ကိုယ်ပိုင်မီတာ၊ Digital ဖုန်းပါသည်။ ဓာတ်လှေကား၊ ကိုယ်ပိုင်မီးစက်၊ ကားပါကင်ရှိသည်။

ဆက်သွယ်ရန် - ၇၀၅၇၃၃။

ဖေဖော်ဝါရီ ၁၁ရက်က အထက(၁)တောင်ဥက္ကလာပ Grade 1-A မှ မယမုံဦး၏ မွေးနေ့အလှူအဖြစ် နို့သာဂူတိုက်ကျေးရာ ဆရာမကြီးနှင့်ဆရာမများက ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (က-ပ)

သာယာမည်

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့သာယာမည်။

စနုကာအားကစားသင်တန်းတက်ရောက်ရန် လျှောက်ထားနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံဘိလိယက်နှင့်စနုကာအဖွဲ့ချုပ်သည် ထိုင်းနိုင်ငံ၌ ဖွင့်လှစ်သင်ကြားမည့် စနုကာအားကစားသင်တန်းသို့ သင်တန်းသားနှစ်ဦးစေလွှတ်ရန် သင်တန်းတက်ရောက်လိုသူများ ဖေဖော်ဝါရီ ၂၅ရက် နောက်ဆုံးထား၍ အဖွဲ့ချုပ်ရုံးခန်း၌ လျှောက်လွှာတစ်စောင်လျှင် ကျပ်တစ်ထောင်နှုန်းဖြင့် ဝယ်နိုင်သည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဦးဝဏ္ဏ ဖုန်း-၀၉-၉၉-၂၇၅၅၅ နှင့် ဒေါက်တာသိန်းမြင့် ဖုန်း-၀၉-၉၉-၅၁၁၀၄၈၄တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

ပခုက္ကူမြို့နယ်တွင် ကျေးရွာစက်ရေတွင်းဖွင့် ကျေးလက်ပြည်သူများ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်

ပခုက္ကူ ဖေဖော်ဝါရီ ၁၀

စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်သည် ဖေဖော်ဝါရီ ၅ ရက်နံနက်ပိုင်းက (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုဖွင့်လှစ်သော ပခုက္ကူမြို့နယ် ပေါင်လောင်ကန်ကျေးရွာ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဝင်းက စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းအခြေအနေများအား ရှင်းလင်းတင်ပြပြီး အမှုဆောင်အရာရှိနှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က စက်ရေတွင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ စက်ရေတွင်းမှာ လေးလက်မ စက်ရေတွင်းဖြစ်ပြီး အနက်ပေ ၃၀၀၊ ရေထွက်နှုန်း တစ်နာရီ ဂါလန် ၁၀၀၀ ထွက်ရှိပြီး ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေကျပ် ၁၁၁၁၁၈၃၄၅၉၅ သိန်းဖြင့် တူးဖော်ပေးခဲ့ခြင်းဖြစ်သည်။

သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်

စက်ရေတွင်း တူးဖော်ပေးခြင်းဖြင့် အိမ်ခြေ ၂၀၀၊ လူဦးရေ ၁၃၆၅ဦးနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်ကြကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

မြစ်ကြီးနားမြို့နယ်ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်

မြစ်ကြီးနား ဖေဖော်ဝါရီ ၅

မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စီမံချက်ချ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၀ ရက်က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် အကျဲ-ခေါင်ဖူးကျေးလက်လမ်း၏ ဖရော-မလဲကျေးရွာချင်းဆက်အပိုင်း မြေသားလမ်းအရှည် ၁၃၇၂ ပေ၊ အကျယ်ပေ ၂၀ရှိလမ်းကို အဖွဲ့ပိုင်စက်ယန္တရားများဖြင့် ဖောက်လုပ်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးဆွေနှင့် အင်ဂျင်နီယာမှူး ဦးသိန်းမြင့်တို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ်စည်ပင်)**

မအူပင်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက နယ်လှည့် စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့်ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၄ ရက်က မအူပင်မြို့နယ် ထရော်ညောင်ပိုင်းကြီးကျေးရွာအုပ်စုတွင်ကျင်းပရာ ပါရမီကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို မြို့နယ်ဦးစီးမှူး ဦးအောင်စိုးနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးထွန်းကြိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင် ပြန်/ဆက်)

ကျေးလက် တစ်ခွင် ဖွံ့ဖြိုးစည်ပင်

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု ဝက်ကုန်း-မံဖာ ကျေးလက်ကျောက်ချောလမ်းဖွင့်

ဗန်းမော် ဖေဖော်ဝါရီ ၁၂

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပေးခဲ့သော ဝက်ကုန်း-မံဖာကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ရက်က ကျင်းပရာ အခမ်းအနားတွင် ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက အဖွင့်အမှာစကားပြောကြားပြီး အမှုဆောင်အရာရှိနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(နယ်စပ်/စည်ပင်)

ကျောင်းကုန်းမြို့နယ် ဆေးရုံလမ်း ကတ္တရာလမ်းသစ်ဖွင့်

ကျောင်းကုန်း ဖေဖော်ဝါရီ ၁၂

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအနေဖြင့် ဆေးရုံလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ရက် နံနက် ၉နာရီက ရောဝတီတိုင်း ကျောင်းကုန်းမြို့ ဆေးရုံလမ်း မုခ်ဦးရှေ့တွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးမောင်မောင်တင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ယာပုံ)

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး မောင်မောင်တင်က အမှာစကားပြောကြားပြီး ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းနှင့်ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦးက ရှင်းလင်းပြောကြားသည်။

အကုန်အကျခံ

အဆိုပါလမ်းမှာ အရှည် ပေ၁၂၀၀၊ အကျယ် ၁၄ပေရှိပြီး နိုင်ငံတော်က ထောက်ပံ့ငွေကျပ် ၃၆၂၄၀၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(၂၆၅)**

မတူပီမြို့နယ် ဗိုလ်ချုပ်လမ်း ကတ္တရာခင်းလုပ်ငန်းဆောင်ရွက်

မတူပီ ဖေဖော်ဝါရီ ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးခင်လတ်သည် ဇန်နဝါရီ ၁၂ ရက်က ချင်းပြည်နယ် မတူပီမြို့နယ်သို့ သွားရောက်၍ မတူပီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ဗိုလ်ချုပ်လမ်း အရှည်ပေ ၇၂၀၊ အကျယ် ၁၂ ပေ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

(အောက်ပုံ) (နယ်စပ်/စည်ပင်)

ကြီးကြပ်ဆောင်ရွက်

ရွှေကျင်မြို့နယ်ရှိ ခုတင်(၁၀၀) ဆံ့ ဆေးရုံလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ကျော်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

17-2 (15).p65 1 3/26/05, 5:47 PM

အများသိသာရန်

(က) ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မြေတိုင်းရပ်ကွက် အမှတ် ၃၆ဂျေ၊ လူနေရပ်ကွက်အမှတ်- မြေကွက်အမှတ် ၁၁၂/၄က^၁ ဧရိယာ ၀ဒသမ ၃၈၇ကေရှိ နှစ်၆၀ဂရန်မြေနှင့် အကျိုးခံစားခွင့်များ၊ အိမ်ရာမြေကွက် (မြေသက်သက်)

(ခ) ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၃၆ဂျေ၊ လူနေရပ်ကွက်အမှတ်- မြေကွက်အမှတ် ၁၁၂/၁က^၂ ဧရိယာ၀ဒသမ ၃၆၈ကေရှိ နှစ်၆၀ဂရန်မြေမှ မခွဲစိတ်ရသေးသော အစိတ်အပိုင်း ဧရိယာ ၁၃ပေXပေ ၁၀၀ ခန့် "က" မြေကွက်သို့ ၀င်ထွက်ရာလမ်းမြေ ဖြစ်ပါသည်။

(ဂ) ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၃၆ဂျေ၊ လူနေရပ်ကွက်အမှတ်- မြေကွက်အမှတ် ၁၁၂/၄က ဧရိယာ ၀ဒသမ ၁၉၅ကေရှိ နှစ် ၆၀ဂရန်မြေမှ မခွဲစိတ်ရသေးသော အစိတ်အပိုင်း ဧရိယာ ၁၃ပေX ပေ ၁၀၀ခန့် "က" မြေကွက်သို့၀င်ထွက်ရာလမ်းမြေ ဖြစ်ပါသည်။

အထက်ပါ အကျိုးခံစားခွင့်များကို အမည်ပေါက် ပိုင်ဆိုင်သူထံမှ ၀ယ်ယူရန် စရံငွေ ပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့် ရှိသူများသည် ကျွန်ုပ်ထံသို့ အထောက်အထား ခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

အပိုင်၀ယ်ယူသူ၏ ညွှန်ကြားချက်အရ
ဦးစိန်ရီ (B.Sc,DA,RL)
တရားရုံးချုပ်ရှေ့နေ
၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၂၂၃၉၅၆။

နှစ်(၂၀)ပြည့် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဦးခင်မောင်မောင် (မြင်းခြံခရိုင် ဥပဒေအရာရှိ) နှင့် ချစ်မေမေ ဒေါ်မေနွဲ့ရီ (အလယ်တန်းပြဆရာမ-ငြိမ်း)တို့၏ ၁၇-၂-၂၀၀၅ ရက်တွင် ကျရောက်သော အနှစ် (၂၀) ပြည့် မင်္ဂလာရက်မြတ်မှသည် ငွေရတု၊ ရွှေရတု၊ စိန်ရတုတိုင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာရှိပြီး မိသားစုနှင့် မခွဲမခွာအတူတကွ ပျော်ရွှင်စွာလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်-

ချစ်သား- မောင်အေးကိုကိုကျော် Final Part. I M.B.,B.S
ချစ်သမီး - မအိရတနာခင် (Grade XI)



လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း၊ အမှတ် ၆၀နေ (ဦးသာဖံ-ဒေါ်ထွေးစိန်)တို့၏သား

မောင်တင်ထွန်းအောင် B.Sc (Industrial Chemistry)

နှင့်

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ် (၁) ရပ်ကွက် လမ်း ၅၀၊ အမှတ် ၁၀၆နေ ဦးလှနီ-(ဒေါ်မြင့်မြင့်စိန်)တို့၏သမီး

မချောကလျာ B.Sc (Industrial Chemistry)
Diploma in Food Technology (Y.I.T)

တို့သည် ၁၀-၂-၂၀၀၅ ရက်တွင် ထိမ်းမြားလက်ထပ်ပြီး ဖြစ်ပါ၍ ၁၅-၂-၂၀၀၅ ရက်၌ မဟာသန္တိသုခ သာသနာပြုကျောင်းတော်ကြီးတွင် မင်္ဂလာဦး ဆွမ်းကျွေး ပြီးစီးပါကြောင်း။ **မောင်တင်ထွန်းအောင်-မချောကလျာ။**



သားအဖြစ်မှ စွန့်လွှတ်ခြင်း

ထား၀ယ်မြို့၊ဆန်းချီရပ်၊ကမြောကင်းလမ်း အမှတ်(၃၄)နေ ဦးခင်မောင်-ဒေါ်တင်လှတို့၏ သားဖြစ်သူ မောင်တိုးလွင် ၆/ထ၀န(နိုင်) ၀၇၅၅၆၆ သည် မိဘ၏ သွန်သင်ဆုံးမမှုကို နားမထောင်ဘဲ စိတ်ဆင်းရဲအောင် ပြုလုပ်ပါ သဖြင့် ၎င်းအားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ လုံး၀ တာ၀န်မယူပါ။

ဦးခင်မောင် ၆/ထ၀န(နိုင်)၀၂၃၀၆၃၊
ဒေါ်တင်လှ ၆/ထ၀န(နိုင်)၀၂၃၀၆၄။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေး၀န်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေ (Kyats) ဖြင့် ၀ယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1	12(T)21/MR(M.YUG) 2004-2005	Spare parts for Loco;(900HP) (Engine, Body& Welding and Diesel Electric Spares)	29-Items

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်-၁၄-၃-၂၀၀၅(တနင်္လာနေ့)(၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၄-၂-၂၀၀၅) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ၀ယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၁၉၈၂၊ ၂၀၁၅၅၅-လိုင်းခွဲ- ၆၀၂၊ ၆၀၅၊ ၆၁၂။

ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားစေရန်အတွက် ကျေးလက်အိမ်ရာစီမံကိန်းကို ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အကောင်အထည်ဖော် ဆောင်ရွက်မှုကို ဇန်နဝါရီ ၂၇ ရက်က အမှုဆောင် အရာရှိ ဦးမင်းလွင်စိုးနှင့် တာ၀န်ခံအင်ဂျင်နီယာ ဦးမြင့်လှိုင်တို့ ၄က်ပျော်တော ကျေးရွာရှိ ဦးချစ်တင်နေအိမ် ဆောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုဒိုင်းဆုရ အမျိုးသား ဘောလုံးအသင်းအား မန္တလေးအသင်း (ရန်ကုန်)က ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဖေဖော်၀ါရီ ၁၆

ရွှေရတုနှစ်(၅၀)ပြည့်ပြည်နယ်နှင့် တိုင်းပြည်ထောင်စုဒိုင်း အမျိုးသား ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသော မန္တလေးတိုင်းဘောလုံးအသင်း အား မန္တလေးအသင်း(ရန်ကုန်)က ဂုဏ်ပြု ပွဲအခမ်းအနားကို ဖေဖော်၀ါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီက ကုန်သည် လမ်းအသင်းတိုက်ခန်းမဆောင်တွင် ကျင်းပသည်။

ရှေးဦးစွာ မန္တလေးအသင်း ပြန်ကြားရေးမှူး ဦးစိန်ရွှေက ဂုဏ်ပြုချီးကျူးစကားပြောကြားပြီး အမှုဆောင် ဦးတီတိုး(မြန်မာ-မန်း)က အသင်း ဂုဏ်ပြုချီးမြှင့်ငွေနှင့် အကောင်းဆုံး ဘောလုံးသမားဆုရအောင်အောင်အား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် မန္တလေးဘောလုံး အသင်း အုပ်ချုပ်သူ ဦးတင်သိန်းက ဘောလုံးသမားများအား တစ်ဦးချင်း မိတ်ဆက်ပေးပြီး အသင်းခေါင်းဆောင် ညွှန်ကြားရေးမှူး ဦးစိုးညွန့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ **(က-ပ)**

မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း စံပြမိခင်နှင့် ကလေးပြိုင်ပွဲ ဆုပေးပွဲကို ဖေဖော်၀ါရီ ၁၀ ရက်က မြန်မာနိုင်ငံဆရာ၀န်အသင်းတိုက် ခန်းမတွင် ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးထံ ရာသက်ပန်အသင်း၀င် အဆိုပြုလွှာ စောင်ရေ၂၀၀ ကို မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်နန်းထွေးခိုင်က ပေးအပ်စဉ်။ (၂၅၉)

နှစ်ထပ်ကျောင်းဆောင်အတွက် အလှူငွေ လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်၀ါရီ ၁၆

အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက် ကျပ်သိန်း၅၆၀အကုန်အကျခံ ဆောက်လုပ်ဆဲရတနာကံကြီးပရိယတ္တိစာသင် တိုက်နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကျောင်းနှစ်ထပ် ကျောင်းဆောင်အတွက် မြေညီထပ် ဘုရားခန်းတစ်ခန်း ကျပ်၂၅၀၀၀၀၊ အပေါ်ထပ်ဘုရားခန်းတစ်ခန်း ကျပ် ၂၄၀၀၀၀၊ပင်မတံခါးကြီး တစ်ပေါက် ကျပ်၄၅၀၀၀၀၊ မှန်ပြတင်းပေါက် ကျပ် ၂၅၀၀၀၀၊၁၀ပေပတ်လည် အုတ်နံရံ တစ်ကွက် ကျပ် ၁၀၀၀၀၀၊ဘိလပ် မြေ တစ်အိတ် ကျပ် ၃၅၀၀၊ သံတစ် ကျင်း ကျပ် ၃၅၀၀၀နှင့် လှူဒါန်းလိုသူများ သည် အဆိုပါ စာသင်တိုက်ကြီး ပဓာန နာယက ဘဒ္ဒန္တ ဇနပတိ(သာသနဓဇ ဓမ္မာစရိယ)ဖုန်း- ၆၄၂၈၅၃၊ ၆၄၂၈၅၁ လိုင်းခွဲ ၁၄၂ နှင့် ကျောင်းဆောက်လုပ် ရေး နာယကများသို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဇန်နဝါရီ ၈ ရက်က စည်ပင်သာယာရေးဦးစီးဌာန ဒုတိယ အင်ဂျင်နီယာချုပ် ဦးခင်လတ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်တို့ လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မြို့သာယာလှပရေးအတွက် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပြုစုပျိုးထောင်မှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးနိုင်အောင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လှိုင်သာယာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်သော ကုလားကြီးစုကျေးရွာ တံခွန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များလှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ အလှူရှင်ဒေါ်မေပြုံးဟန်က ငွေကျပ် သုံးသောင်းကျော်တန်ဖိုးရှိ စာအုပ်၊ စာစောင်များလှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးမြင့်သိန်းက လက်ခံရယူစဉ်။ (မြို့နယ် ပြန်/ဆက်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တောင်ငူ–ရေတာရှည်မြို့နယ်ချင်းဆက် မြေသားလမ်းဖောက်လုပ်မှုကြည့်ရှု

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပဲခူးတိုင်း တောင်ငူမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၈ နာရီတွင် မော်တော်ယာဉ်များဖြင့် တောင်ငူမြို့နယ် ထုံးဘိုကြီးကျေးရွာသို့ ရောက်ရှိကြပြီး ထုံးဘိုကြီး–သစ်ကြိမ်းလမ်းအတိုင်း ထွက်ခွာ၍ ကရင်ချောင်း ရေလွှဲဆည်သို့ရောက်ရှိကြကာ ဆည်မှ ရေပေးဝေးမှုအခြေအနေကိုကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ကရင်ချောင်းရေလွှဲဆည်၏ ရေဆင်းဧရိယာမှာ ၃၄ စတုရန်းမိုင်ဖြစ်ပြီး ကျောက်ဖြည့်ရေလွှဲဆည်ဖြစ်ကာ အမြင့် ခုနစ်ပေ၊ အကျယ်ပေ ၂၅၀ ရှိပြီး နွေစပါးဧက ၁၂၀၀ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

မြေသားလမ်းတိုးချဲ့ဖောက်လုပ်

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ် ၁၁/၂ သို့ရောက်ရှိကြပြီး စက်ယန္တရားကြီးများဖြင့် အကျယ်ပေ ၃၀ မြေသားလမ်းတိုးချဲ့ဖောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေး၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ ကရင်ချောင်းရေလွှဲဆည် ရေပေးဝေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၁၆ ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ်အစပ် ရန်ကုန်တိုင်းစစ်ဌာနချုပ်က စိုက်ပျိုးလျက်ရှိသည့် လယ်မြေအတွင်း လျှပ်စစ်ရေတင်စီမံကိန်းဖြင့် နွေစပါးစိုက်ခင်းများအတွင်း စိုက်ပျိုးရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း–၇)(ရန်ကုန်တိုင်း)

ပြည်ထောင်စုနေ့ဂုဏ်ပြု အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံ စစ်ကိုင်းတိုင်း မော်လိုက်မြို့နယ် ကင်းတပ်ကျေးရွာ၌အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ဖေဖော်ဝါရီ၁၃ ရက် နံနက် ၉ နာရီခွဲတွင် စစ်ကိုင်းတိုင်း မော်လိုက်ခရိုင် မော်လိုက်မြို့နယ် ကင်းတပ်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၄၀၀၀ ကျော် တက်ရောက်ကြသည်။

သဘာပတိ

အခမ်းအနားတွင် သဘာပတိအဖြစ် မော်လိုက်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရဲဝင်းဦးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မော်လိုက်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်နိုင်၊ ကင်းတပ်ကျေးရွာ ရပ်မိရပ်ဖ ဦးညိုဦး၊ မော်လိုက်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် *စာမျက်နှာ ၈ ကော်လံ ၁* ●

ကမ္ဘာတစ်လွှားထူးထူးခြားခြား

နှစ်ပေါင်းတစ်သိန်းကျော်ခန့်က လူဦးခေါင်းခွံများ

အီသီယိုးပီးယားနိုင်ငံ မြေအောက်မှတွေ့ရှိရသော ရှေးခေတ်လူသားဦးခေါင်းခွံများကို ပြသထားစဉ်။ **(အောက်ပုံ)** အဆိုပါ ဦးခေါင်းခွံနှစ်ခုကို အီသီယိုးပီးယားနိုင်ငံ၌ လွန်ခဲ့သည့်၁၉၆၇ ခုနှစ်က ရှာဖွေတွေ့ရှိခဲ့ကြခြင်းဖြစ်ပြီး ယခုအခါသုတေသနပညာရှင်များ၏ လေ့လာသုတေသနပြုချက်အရ လွန်ခဲ့သည့်နှစ်ပေါင်း ၁၉၅၀၀၀ ခန့်က ရှေးခေတ်လူသားများ၏ ဦးခေါင်းခွံများဖြစ်ကြောင်း ပြောကြားသော်လည်း သိပ္ပံပညာရှင်များကမူ လွန်ခဲ့သည့်နှစ်ပေါင်း ၁၃၀၀၀၀ခန့်က လူသားတို့၏ ဦးခေါင်းခွံများဖြစ်ကြောင်း ပြောကြားလျက် ရှိသည်။



(အေပီ)

တန်ချိန် ၃၀ရှိသော ဝေလငါးကြီးသေဆုံး

ချီလီနိုင်ငံ ကွန်ဆက်ရှင်မြို့အနီး ကမ်းခြေတစ်ခုတွင် သေဆုံးနေသော ဝေလငါးကြီးတစ်ကောင်ကို တွေ့ရစဉ်။ **(ယာပုံ)**

အဆိုပါ ဝေလငါးကြီးသည် အရှည် ၁၆မီတာရှိပြီး အလေးချိန်တန် ၃၀ရှိကာ လွန်ခဲ့သည့်လေးရက်ခန့်က ပင်လယ်ပြင်တွင် သေဆုံးနေရာမှ ငါးဖမ်းသင်္ဘောတစ်စင်းက တွေ့ရှိခဲ့ပြီး ကမ်းခြေသို့ ဆွဲယူလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လွန်ခဲ့သည့်နှစ်နှစ်ခန့်ကလည်း ချီလီကမ်းရိုးတန်းတွင် ယင်းကဲ့သို့သော ဝေလငါးကြီးတစ်ကောင် သေဆုံးခဲ့ဖူးကြောင်းလည်း သိရသည်။ **(ရိုက်တာ)**

ကမ္ဘာ့အရှည်ဆုံး ပိုစတာကြီး

တိုကျိုမြို့ မြေအောက်လမ်းတစ်ခုတွင် ကြော်ငြာထားသော ပိုစတာကြီးတစ်ခုကိုတွေ့ရစဉ်။**(ဝဲပုံ)** အဆိုပါပိုစတာကြီးသည် မာစတာ မော်တော်ကားကုမ္ပဏီက ကြော်ငြာထားခြင်းဖြစ်ပြီး အရှည် ၃၁၁ မီတာ ရှည်လျားပြီး အနံ ၁ ဒသမ ၇၁ မီတာရှိကြောင်း သိရသည်။ ယင်းပိုစတာကြီးသည် ကမ္ဘာပေါ်တွင် အရှည်လျားဆုံး ပိုစတာကြီးတစ်ခုအဖြစ် ဂင်းနစ်မှတ်တမ်းဝင်မည်ဖြစ်သည်။ **(ရိုက်တာ)**